# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၃၁၅)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာအမျိုးသားလက်ရွေးစင်(ဂိုးသမား) ဦးသီဟစည်သူတို့နှင့် Video Conferencing စနစ်ဖြင့် အပြန်အလှန်ဆွေးနွေးစဉ်။

သတင်းစဉ်

- ဘောလုံးသမားများပေးနိုင်သည့် စံပြသည် အစုအဖွဲ့နှင့် လုပ်ဆောင်ခြင်းဖြစ်
- တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲ မိမိအရည်အချင်း တက်ရန်အတွက် မိမိ၏ ရဲဘော်ရဲဘက်များကို အားကိုးရသကဲ့သို့ မိမိကလည်း မိမိ၏ရဲဘော်ရဲဘက်များ အရည်အချင်းတက်ရန် ဝိုင်းဝန်းပံ့ပိုးရ

နေပြည်တော် ဩဂုတ် ၁၂

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာအမျိုးသားလက်ရွေးစင် (ဂိုးသမား) သီဟစည်သူတို့ကို Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးသည်။**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့တွင် ကိုဗစ်ကာလအတွင်း ဘောလုံးပွဲများကျင်းပရေးနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဘောလုံးပွဲများကို စိတ်ဝင်စားကြပါကြောင်း၊ ဘောလုံးပရိသတ်များဖြစ်ကြသည့်အတွက် ဘောလုံးပွဲများ ကျင်းပမည့်အချိန်၊ ဘောလုံးပွဲများအခြေအနေနှင့် ဘောလုံးအားကစားသမားများ၏

*စာမျက်နှာ ၃ ကော်လံ ၁* ❍

ကိုဗစ်- ၁၉ ကို တိုက်ဖျက်ရာတွင် ကူညီမှုများလုပ်ဆောင်ရန် ဥရောပသမဂ္ဂ မိတ်ဖက်ရှစ်နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး စာ ၁၂
COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၈-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီ စာ ၁၈



# သွေးလွန်တုပ်ကွေး ကာကွယ်ရေး အမျိုးသားရေးအသွင် ပူးပေါင်းပါဝင်

ပြီးခဲ့သည့်နှစ်က မိမိတို့နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၄၀၀၀ ကျော်ရှိခဲ့ပြီး ယင်းအနက်မှ ၁၃၂ ဦး အဖိတ်အစဉ် ရှိခဲ့သည်ဟု ဆိုသည်။ ယခုနှစ်တွင်လည်း ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကို အာရုံစိုက်နေကြသည့်တိုင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှုအရေအတွက်က ကိုဗစ်-၁၉ ရောဂါထက် ပိုမိုများပြားနေပြီး ပေါ့ဆ၍မရကြောင်း သတိပေးနေသကဲ့သို့ပင် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါက ရာသီအလိုက် ဖြစ်ပွားသည့်ရောဂါဖြစ်ပြီး မုတ်သုံမိုးနှင့်အတူ နှစ်စဉ်ဖြစ်ပွားသည့်ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်သည့်ခြင်ကျားက မိုးရွာသွန်းသည့်ကာလ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများထူထပ်စွာ ပေါက်ရောက်သလို ရေအိုင်များ၊ မိုးရေတင်ကျန်နေသည့်နေရာများ၊ ပိတ်ဆို့နေသည့် ရေမြောင်းများ စသည်တို့တွင် ပေါက်ပွားကြသည်။ မြန်မာနိုင်ငံတွင် ခြင်အမျိုးအစားသုံးမျိုးရှိရာ ၎င်းခြင်တို့က ရောဂါအမျိုးမျိုးတို့ကို သယ်ဆောင်လာကြခြင်းဖြစ်သည့်အတွက် ခြင်နှိမ်နင်းရေး ပြုလုပ်ခြင်းဖြင့် ရောဂါများကို ကြိုတင်ကာကွယ်ရာလည်း ရောက်သည်။ အနိုးဖလိ(Anopheles) ခြင်က ငှက်ဖျားရောဂါကိုလည်းကောင်း၊ အေးဒီးစ်(Aedes)ခြင်က သွေးလွန်တုပ်ကွေး၊ အဝါရောင်အဖျား၊ ချီကန်ဂန်နာရောဂါတို့ကိုလည်းကောင်း ၊ ကျူးလက်စ် (Culex) ခြင်က ဂျပန်ဦးနှောက်ရောင်နှင့် ဆင်ခြေထောက်ရောဂါတို့ကိုလည်းကောင်း သယ်ဆောင်ကြခြင်း ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်စေသည့် ခြင်ကို ခြင်ကျားဟူ၍လည်း သိထားကြပြီး ၎င်းခြင်တို့က ရေကြည်ရေသန့်၊ ရေငြိမ်တွင်ပေါက်ပွားကြခြင်းဖြစ်သည်။ ရေသိုလှောင်သည့် ရေစည်၊ စဉ့်အိုး၊ ရေပုံး၊ ပန်းအိုး၊ ဘုရားညောင်ရေအိုး၊ အိမ်ပတ်ဝန်းကျင်မှ ရေအိုင်နေသည့် နေရာများ၊ ရေတင်ကျန်နေသည့် အိုးခွက်၊ ကားတာယာဟောင်းများ စသည်တို့မှာ ခြင်ကျားတို့ ပေါက်ပွားရာနေရာများဖြစ်သည်။ ခြင်နှိမ်နင်းရေးပြုလုပ်ရာတွင် ပိုးလောက်လမ်းဘဝတွင် နှိမ်နင်းခြင်းက ပို၍ထိရောက်ခြင်းကြောင့် ခြင်မပေါက်ပွားနိုင်ရန် ရေအိုး ရေစည်များကို လုံခြုံစွာ ဖုံးအုပ်ခြင်း၊ မလိုအပ်သော အိုးဟောင်းခွက်ဟောင်းများမှ ရေများကို သွန်၍ ရေမတင်အောင် မှောက်သင့်က မှောက်၊ ခွဲသင့်က ခွဲ၊ မြေမြှုပ်သင့်က မြှုပ်စသည်ဖြင့် ပြုလုပ်ရခြင်း၊ ပန်းအိုးများမှ ရေများကို နေ့စဉ်မှန်မှန်လဲခြင်း၊ ရေစည် ရေကန်များထဲမှ ပိုးလောက်လမ်းများကို ရေစစ်ဖြင့် စစ်ခြင်း စသည့်နည်းလမ်းများဖြင့် ခြင်နှိမ်နင်းရေး ပြုလုပ်ကြသည်။ ဖုံး၊ သွန်၊ လဲ၊ စစ် ဟူ၍လည်း သိကြသည်။ ခြင်မခိုအောင်းစေရန်အတွက်မူ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များကို ရှင်းလင်းကြရန်လိုသည်။ ရန်ကုန်ကဲ့သို့သော လူဦးရေထူထပ်သိပ်သည်းပြီး အိမ်တံစက်မြိတ်ချင်းဆက် နေထိုင်ကြရသည့် လူနေရပ်ကွက်များတွင် ခြင်နှိမ်နင်းရေးလုပ်မည်ဆိုပါက အိမ်တိုင်း၊ မိသားစုတိုင်းက စုပေါင်းပါဝင် စုပေါင်းဆောင်ရွက်နိုင်မှသာ ထိရောက်မည်ဖြစ်သည်။

ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ရှစ်သောင်းကျော်ရှိခဲ့ပြီး သေဆုံးသူ ၄၅၀ ကျော် ရှိခဲ့သည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရာမှာ ခြင်နှိမ်နင်းရေးသည် အဓိကဖြစ်သလို ပြည်သူများပါဝင်ဖို့လိုသည်။ ပြည်သူအများပါဝင်ပြီး အမျိုးသားရေးအသွင် ပူးပေါင်းဆောင်ရွက်ကြသည်နှင့်အမျှ မည်သည့်ကူးစက်ရောဂါပင်ဖြစ်စေ ကာကွယ်နှိမ်နင်းနိုင်မည်သာဖြစ်ပါကြောင်း။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ အရာရှိ၊ စစ်သည်များ၏ အမျိုးသားသွေးဌာန(ရန်ကုန်)သို့ စုပေါင်းသွေးလှူဒါန်းနေမှုများ ကြည့်ရှုအားပေး၍ စုပေါင်းပါဝင် သွေးလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၂

**ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များက ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားသွေးဌာန (ရန်ကုန်) ၌ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများက သွားရောက်ကြည့်ရှုအားပေးကြသည်။**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ အမျိုးသားသွေးဌာန (ရန်ကုန်) ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များ၊ သွေးအလှူရှင် စေတနာရှင်ပြည်သူများ၏ စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းမှုဆိုင်ရာများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များ၊ စေတနာရှင် သွေးအလှူရှင်များနှင့်အတူ စုပေါင်းပါဝင်၍ အမျိုးသားသွေးဌာန (ရန်ကုန်) သို့ စုပေါင်းသွေးလှူဒါန်းကြပြီး သွေးလှူဒါန်းကြသည့် အရာရှိ၊ စစ်သည်များ၊ စေတနာရှင် သွေးအလှူရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အင်အားဖြည့်စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့် အင်အားဖြည့်စားသောက်ဖွယ်ရာများကို ပေးအပ် လှူဒါန်းရာ အမျိုးသားသွေးဌာန (ရန်ကုန်) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များအနေဖြင့် အမျိုးသားသွေးဌာန (ရန်ကုန်) သို့ သွေးလှူဒါန်းမှုအနေဖြင့် ယခုအကြိမ်အပါအဝင် ကိုးကြိမ်ရှိပြီဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များ အမျိုးသားသွေးဌာန (ရန်ကုန်) ၌ စုပေါင်းသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ဒေါ်မွှေးမွှေးခိုင်အား ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မွှေးမွှေးခိုင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်

# ဒါးကချောင်းအတွင်း ငါးမျိုးများ စိုက်ထည့်

**ကျုံပျော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ရေရှည်စဉ်ဆက်မပြတ် ငါးစားသုံးနိုင်ရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်၊ ငါးသယံဇာတများ ပေါများလာစေရန်ရည်ရွယ်၍ ဒါးကချောင်း သဘာဝရေပြင် အင်းချောင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးသိန်းခွဲ မျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၁၂ ရက်က ပြုလုပ်ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးသော်ထွန်းဦး၊ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူတို့က ငါးမြစ်ချင်းသားပေါက်ကောင်ရေ သုံးသိန်းခွဲ၊ ငါးခုံးမသားပေါက်ကောင်ရေတစ်သိန်းနှင့် ငါးကြင်းရွှေဝါ သားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်းခွဲအား ဒါးကချောင်းအတွင်း ငါးမျိုးစိုက်ထည့်ကြသည်။

ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ငါးမျိုးစိုက်ထည့်ခြင်းသည် ပြည်သူလူထု ငါးစားသုံးမှု ဖူလုံစေရန်နှင့် ငါးသယံဇာတများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ သဘာဝရေပြင် အင်းချောင်းများနှင့် ရေအစဉ်အမြဲတည်ရှိနေသည့် ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းများကို နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျုံပျော်တွင် ငါးသယံဇာတထုတ်လုပ်မှုအတွက် ဂရန်အင်းပေါင်း ၃၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်ထံမှ သိရသည်။ **နေဝင်းမြင့် (ကျုံပျော်)**

# လယ်ဝေးမြို့ အမှတ်(၄၇) စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

လယ်ဝေး ဩဂုတ် ၁၂

နေပြည်တော် လယ်ဝေးမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၇) စက်မှုလယ်ယာစခန်း၌ လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၉-၂၀၂၀) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စက်ကိရိယာများဖြင့်ဆောင်ရွက်ရာ၌ ပြင်ဆင်ထိန်းသိမ်းသည့် နည်းပညာများ တတ်မြောက်ပါက လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝေက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ အဆိုပါသင်တန်းတွင် ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် ကောက်စိုက်စက်များ၏ အခြေခံမောင်းနှင်ထိန်းသိမ်းနည်းများကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

***ကျောဖုံးမှ***

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လဟယ်မြို့နယ်၌ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်း ၇၄၅၆၃ ဦးရှိပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လေရှီး၊ လဟယ်၊ နန်းယွန်းစသည့် မြို့နယ်များ၌ မဲရုံစုစုပေါင်း ၂၄၂ ရုံ စီစဉ်ဆောင်ရွက်ထားရှိကြောင်း နာဂဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မွှေးကြူဇင်**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကာလအတွင်း ဘောလုံးပွဲများ ပြန်လည်ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာအမျိုးသားလက်ရွေးစင်(ဂိုးသမား) ဦးသီဟစည်သူတို့နှင့် Video Conferencing စနစ်ဖြင့် အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

❍ ရှေ့ဖုံးမှ

- ကိုဗစ်ကို မပေါ့ဆကြဘဲ ကျန်းမာရေး စည်းမျဉ်း စည်းကမ်းများကို ဆက်လက်စောင့်ထိန်းကြစေလို
- ထိုသို့ စောင့်ထိန်းပါက ကျန်းမာရေးပြဿနာများကို ကျော်လွှားသွားနိုင်မည်ဖြစ်

အခြေအနေကို သိရှိလိုကြမည်ဖြစ်ပါကြောင်း။

**ကျန်းမာရေးနှင့် အားကစားနှစ်ခု တွဲထား**

ကျန်းမာရန်အတွက် အစားအသောက်၊ အနေအထိုင်သည် အရေးကြီးပါကြောင်း၊ ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအစာများကို စားသောက်ရမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှားမှုကိုလည်း လုံလုံလောက်လောက် မှန်မှန်ကန်ကန် လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အစားအသောက်နှင့် ကိုယ်လက်လှုပ်ရှားမှု မှန်ကန်ပါက လူတစ်ဦးတစ်ယောက်အတွက် ယေဘုယျ ကျန်းမာရေးကောင်းသည်ဟု ပြော၍ ရပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားနှစ်ခုကို တွဲထားခြင်းဖြစ်ပါကြောင်း။

အားကစားလောကအပေါ် ကိုဗစ်၏ ဆိုးကျိုးသက်ရောက်မှုအခြေအနေနှင့် ဆိုးကျိုးများကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးရန် ဆောင်ရွက်နေမှုများကို ရှင်းပြစေလိုပါကြောင်း၊ ရုရှားနိုင်ငံက ကိုဗစ်ကာကွယ်ဆေးတွေ့ရှိသည်ဟု ယနေ့ သတင်းစာထဲတွင် ဖတ်ရှုရပါကြောင်း၊ သေချာမှုရှိ၊ မရှိ မသိရသေးပါကြောင်း၊ သေချာပါက မိမိတို့ပြည်သူများအတွက် ကာကွယ်ဆေး အမြန်ဆုံးရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခု ကြားကာလတွင် သည်းခံပြီး စည်းကမ်းထိန်းသိမ်းကြစေလိုပါကြောင်း၊ ကိုဗစ်ကို မပေါ့ဆကြဘဲ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို ဆက်လက်စောင့်ထိန်းကြစေလိုပါကြောင်း၊ ထိုသို့ စောင့်ထိန်းပါက ကျန်းမာရေးပြဿနာများကို ကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ကိုယ်လက်လှုပ်ရှားမှုသည် အလွန်အရေးကြီး**

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါကုသမှုအပိုင်းတွင် ကိုယ်လက်လှုပ်ရှားမှုသည် အလွန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် မကူးစက်သည့် ရောဂါများကို ကာကွယ်ရာတွင်လည်းကောင်း၊ ရောဂါပြင်းထန်မှုများကို လျော့နည်းအောင် ဆောင်ရွက်ရာတွင်လည်းကောင်း ကိုယ်လက်လှုပ်ရှားမှုသည် အရေးကြီးပါကြောင်း၊ ကိုယ်လက်လှုပ်ရှားခြင်း၊ အားကစားပုံမှန်လုပ်ခြင်းအားဖြင့် ကုသမှုအပိုင်းတွင် များစွာ အကျိုးရှိသည်ကို တင်ပြလိုပါကြောင်း။

ဗဟိုကော်မတီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ ကို ဇန်နဝါရီလဆန်းကတည်းက ကာကွယ်ထိန်းချုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ကာကွယ်ရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ရောဂါပိုးတွေ့ရှိသည့် ၁၉၅ နိုင်ငံမြောက် ဖြစ်ခဲ့ပါကြောင်း၊ ရောဂါပိုးတွေ့ရှိပြီးနောက် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်နှင့် ပတ်သက်သည့် ကန့်သတ်ချက်၊ တားမြစ်ချက်၊ အမိန့်ကြော်ငြာစာနှင့် ပြည်သူများထံ ပန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပြီး ပြည်သူများလိုက်နာနိုင်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

**တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ပေးခဲ့**

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်ခဲ့ပါကြောင်း၊ ထိန်းချုပ်ရာတွင် မိမိတို့ ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများကြောင့် လူမှုစီးပွားလုပ်ငန်းများအပေါ် သက်ရောက်မှု အနည်း၊ အများ ရှိခဲ့ပါကြောင်း၊ ထိန်းချုပ်မှုများ ပိုမိုအားကောင်းလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း လူမှုစီးပွားအပေါ် သက်ရောက်မှုများ လျော့နည်းလာအောင် ထိန်းချုပ်မှုများကို သတိကြီးစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ပေးခဲ့ပါကြောင်း။

အချို့နိုင်ငံများတွင် ထိုသို့ ဖြေလျှော့ပေးချိန်၌ ကိုဗစ်ရောဂါသည် ပြန်လည်ကူးစက်မှုရှိလာပြီး Second Wave ပြန်လည်ဖြစ်ပေါ်ခြင်းများ ရှိပါကြောင်း၊ ထို့ကြောင့် တားမြစ်ချက်၊ ကန့်သတ်ချက်များ ပြန်လုပ်ရသည်များလည်း ရှိပါကြောင်း၊ ထိုသို့ မဖြစ်စေရေးအတွက် ပြန်လည်ဖြေလျှော့ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြန်လည်ဖွင့်လှစ်မည့် လုပ်ငန်းများအလိုက် လိုက်နာရမည့် SoP များ၊ နည်းလမ်းများ၊ လမ်းညွှန်ချက်များကို စနစ်တကျရယူပြီး စစ်ဆေးရေးအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးပေးပါကြောင်း၊ ဆန်းစစ်ချက်များနှင့်ပြည့်မီသည့် လုပ်ငန်းများကို အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်အောင် စီစဉ်ပေးခဲ့ပါကြောင်း၊ ဖွင့်လှစ်ပြီး ချိန်တွင်လည်း သတ်မှတ်ချက်များအတိုင်း ဆက်လက်လိုက်နာမှုရှိအောင် လိုအပ်သည့် ပုံမှန်စစ်ဆေးမှုများ၊ ရှောင်တခင်စစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် ပြန်လည်ဖြေလျှော့ပေးချိန်တွင် ကိုဗစ်-၁၉ ရောဂါ ပြန်လည်ခေါင်းမထောင်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**ပထမအဆင့် ခွင့်ပြုရန် ဆုံးဖြတ်**

မြန်မာနိုင်ငံတွင် ဘောလုံးအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင်ရှိသည့် ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ သုဝဏ္ဏအားကစားကွင်း၊ ရန်ကုန်ဘောလုံး အကယ်ဒမီ စသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါကြောင်း၊ လိုအပ်သည့် SoP များ၊ Guide Lines များကို ရေးဆွဲ၍ တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ တင်ပြထားသည့် ဘောလုံးအားကစားပြိုင်ပွဲများထဲမှ Myanmar National League ဘောလုံးပြိုင်ပွဲကို ပထမအဆင့် ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ခွင့်ပြုနိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်ထားမှုကို သွားရောက်စစ်ဆေးခဲ့ပါကြောင်း၊ သတ်မှတ်ချက်များအတိုင်း ကျေနပ်ဖွယ်ရာရှိအောင် ဆောင်ရွက်ထားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း။

ဘောလုံးအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရာတွင် နိုင်ငံတကာတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို မြန်မာနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် စနစ်တကျ ရေးဆွဲဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ Myanmar National League ပြိုင်ပွဲများ ကျင်းပသည့်အခါ အိမ်ကွင်းအဝေးကွင်းများဖြင့် မယှဉ်ပြိုင်ဘဲ ရန်ကုန်မြို့၌ ပရိသတ်မပါဘဲ ကျင်းပရန်နှင့် ကျင်းပရာတွင်လည်း အားကစားသမားများ၊ ဒိုင်လူကြီးများနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးကို ပြိုင်ပွဲအစမှ အဆုံးထိ Camp သွင်းပြီး ဘောလုံးပွဲတစ်လျှောက်ထားရှိကာ ယှဉ်ပြိုင်သွားကြရန် စီစဉ်ထားပါကြောင်း၊ Camp သွင်းရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ကူးစက်မှုမရှိစေရန် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပါကြောင်း၊ လူ ၃၀၀ ကျော် စစ်ဆေးပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးမှ ရောဂါပိုး မတွေ့ရှိပါကြောင်း၊ ထို့ကြောင့် Myanmar National League ပြိုင်ပွဲကို မကြာခင် စတင်နိုင်မည်ဖြစ်ပါကြောင်း။

အောင်ပွဲခံသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ခြင်း၊ မိတ်ဆက်ခြင်းများ မပြုလုပ်ရန် ညွှန်ကြားပြီး ယင်းအတိုင်း လိုက်နာခြင်း ရှိ၊ မရှိ၊ ဘောလုံးကွင်းအတွင်းနှင့် လေ့ကျင့်ခန်းလုပ်သည့်အချိန်တွင် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်မှု ရှိ/မရှိကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ပါကြောင်း။

**ဘောလုံးပြိုင်ပွဲများကို ဆက်လက်ခွင့်ပြုသွားမည်**

Myanmar National League ပြိုင်ပွဲ၏ အောင်မြင်မှုအပေါ် မူတည်ပြီး တင်ပြထားသည့် ဘောလုံးပြိုင်ပွဲများကို ဆက်လက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ အခြားအားကစားပြိုင်ပွဲများကိုလည်း သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တင်ပြလာပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စနစ်တကျစစ်ဆေးပြီး အားကစားပြိုင်ပွဲများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြန်မာအမျိုးသားလက်ရွေးစင် (ဂိုးသမား) သီဟစည်သူက ဘောလုံး အားကစားသမားအများစုသည် ဆင်းရဲသည့် မိသားစုများမှ မွေးဖွားလာကြပြီး ငယ်စဉ်ကပင် ဘောလုံးကို ရူးသွပ်စွာကစားခဲ့ကာ ဘဝကို ဘောလုံးကစားရင်း ကုန်ဆုံးကြပါကြောင်း၊ ဘောလုံးကစားခြင်းဖြင့် ဘဝကို ရပ်တည်ကြပါကြောင်း၊ ဘောလုံးကစား၍ ရရှိသည့် လစာဖြင့် မိသားစုများကို ထောက်ပံ့နေပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်လိဂ်အဖြစ် ပြောင်းလဲခဲ့ပြီး ဘောလုံးလောကသားများအားလုံး ဝင်ငွေကောင်းခဲ့ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာသည့်အတွက် အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုများ ရှိခဲ့ပါကြောင်း။

**ကြံ့ရာကျပန်းလုပ်ငန်းများ လုပ်ဆောင်၍မရ**

မိမိတို့အနေဖြင့် အမြဲထိတွေ့နေသည့် ဘောလုံးအားကစားကို ကိုဗစ်-၁၉ ကြောင့် ၄ လ၊ ၅ လခန့် အဆက်ပြတ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ကြွခိုင်မှုများ၊ စိတ်ဓာတ်ပိုင်း ကျဆင်းမှုများ ရှိလာပါကြောင်း၊ ကိုယ်ပိုင်လေ့ကျင့်ခန်းများ ပြုလုပ်ကြပါကြောင်း၊ သို့သော် အသင်းအဖွဲ့နှင့် လေ့ကျင့်ခွင့်၊ အတူတကွ ပြိုင်ပွဲဝင်ခွင့်ကို ပို၍မျှော်လင့်မိပါကြောင်း၊ ဘောလုံးအသင်းပိုင်ရှင်များက ဘောလုံးအားကစားသမားများကို ငွေကြေးကုန်ကျမှုများစွာ အကုန်အကျခံပြီး

*စာမျက်နှာ ၄ သို့*

## ● တစ်ကမ္ဘာလုံးတွင် လူအများဆုံး စိတ်ဝင်စားပြီး ဝိုင်းဝန်းထောက်ခံသည်မှာ ဘောလုံးအားကစားဖြစ်
## ● နိုင်ငံ ချမ်းသာလာသည်နှင့်အမျှ ပြည်သူပြည်သားများ ချမ်းသာရန်နှင့် အားကစားသမားများ တိုးတက်ရန်အတွက် ဖြစ်စေရမည်

*စာမျက်နှာ ၃ မှ*

ပံ့ပိုးပေးနေရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးအခက်အခဲများစွာ ရှိသည့်ကြားက ဘောလုံးအားကစားသမားများ အဆင်ပြေအောင် ကူညီပေးနေပါကြောင်း၊ အသင်းပိုင်ရှင်များကိုလည်း ဘောလုံးသမားများအားလုံး ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဘောလုံးပွဲများ ရပ်နားထားသည့်အချိန်တွင် အသင်းပိုင်ရှင်များကို ကျေးဇူးဆပ်သည့်အနေဖြင့် မိမိတို့ရရှိသည့် လစာများကို လျှော့ယူခဲ့ပါကြောင်း၊ လစာလျှော့ယူသည့် အချိန်ကြာလာသည်နှင့်အမျှ ထိခိုက်မှုအနည်းနှင့်အများ ရှိလာပါကြောင်း၊ လစာနည်းသည့် အားကစားသမားများက ပို၍ထိခိုက်မှုရှိပါကြောင်း၊ ဘောလုံးအားကစားသမားများအနေဖြင့် နိုင်ငံတကာ ဥပဒေနှင့် အညီအသင်းများနှင့် စာချုပ်ချုပ်ဆိုရပါကြောင်း၊ စာချုပ်အရ ဘောလုံးကစားခြင်း ရပ်နားထားလျှင်လည်း ကြံ့ခိုင်ရေးကျပန်းလုပ်ငန်းများ လုပ်ဆောင်၍မရပါကြောင်း၊ Myanmar National League တွင် ဘောလုံးသမားများအပြင် အုပ်ချုပ်သူ၊ နည်းပြနှင့် ဘောလုံးလောကသား စုစုပေါင်း လူဦးရေ ၅၀၀၀ ခန့် ပါဝင်ပတ်သက်နေပြီး အပျော်တမ်းကစားနေသည့် ဘောလုံးလောကသားများမှာ စုစုပေါင်း လူဦးရေ ၅၀၀၀၀ ခန့် ရှိပါကြောင်း။

ကစားသမားများသည် ပြိုင်ပွဲဝင်ရန်အတွက် ကြံ့ခိုင်မှုနှင့် အသင်းနှင့်အံဝင်ခွင်ကျ ဖြစ်စေရန် အနည်းဆုံး ၃ ပတ်မှ ၁ လအထိ အသင်းနှင့်လေ့ကျင့်ခန်းများ၊ ကိုယ်ပိုင်လေ့ကျင့်ခန်းများလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်မှသာ ပြိုင်ပွဲများကို ပြင်းပြင်းထန်ထန် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စွမ်းဆောင်ရည်များကို အစွမ်းကုန်ပြသနိုင်မည်ဖြစ်ပါကြောင်း၊ အခုအချိန်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ၄ လ၊ ၅ လခန့် ပြိုင်ပွဲများ ရပ်နားသွားသည့်အတွက် ဘောလုံးအားကစားသမားများ ခက်ခဲနေသည့်အချိန် ဖြစ်ပါကြောင်း။

### စနစ်တကျနေထိုင်လျက်ရှိ

ရပ်နားထားသည့် Myanmar National League အမြန်ဆုံး ပြန်လည်ကျင်းပနိုင်ရန် နည်းပြများ၊ အားကစားသမားများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ စနစ်တကျ နေထိုင်လျက်ရှိပါကြောင်း၊ Swab စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် ညွှန်ကြားထားသည့်အတိုင်း စနစ်တကျ လိုက်နာမည် ဖြစ်ပါကြောင်း၊ ဘောလုံးလောကသားများအားလုံး မည်သူမျှ ကိုဗစ်ရောဂါ မကူးစက်အောင် နေထိုင်ဆောင်ရွက်ပါမည်ဟု မိမိအနေဖြင့် ကတိပြုပါကြောင်း၊ ပြည်တွင်းပြိုင်ပွဲများကို အမြန်ဆုံးကစားခွင့်ပြုနိုင်ရန် ဘောလုံးလောကသားများကိုယ်စား လေးစားစွာ တင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

### နိုင်ငံကို မြှင့်တင်ပေးသည့်သဘောမျိုး

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က Myanmar National League နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် အပိုင်း (၂)ပိုင်း ရှိပါကြောင်း၊ Myanmar National League ကို Profe-ssional League အဖြစ် ၂၀၀၉ ခုနှစ်တွင် ပြောင်းလဲလိုက်ပါကြောင်း၊ ထို့ကြောင့် မြန်မာဘောလုံးအားကစားသမားများသာမက နိုင်ငံတကာ အားကစားသမားများနှင့်ပါ စာချုပ်ချုပ်ဆိုရပါကြောင်း၊ စာချုပ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့၏ ဥပဒေသများအောက်တွင် လိုက်နာဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် မြို့များကို အခြေခံ၍ ကလပ်များကို ဖွဲ့စည်းထားခြင်း ဖြစ်ပါကြောင်း၊ ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်၊ ရခိုင်ယူနိုက်တက် စသည်ဖြင့် ရှိပါကြောင်း၊ ယင်းအသင်းများ၏ အောင်မြင်မှုသည် မိမိတို့နိုင်ငံကို မြှင့်တင်ပေးသည့် သဘောမျိုးဖြစ်ပါကြောင်း။

ပြည်တွင်းပြိုင်ပွဲများသာမက ကလပ်များတွင် လိဂ်(၁)နှင့် လိဂ် (၂) နှစ်မျိုး ရှိပါကြောင်း၊ လိဂ် (၁)တွင် (၁၂) သင်းရှိပြီး လိဂ်(၂)တွင် (၈)သင်းရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနေအထားနှင့် စီးပွားရေးအရ အသင်းကိုလျှော့၍ ဆောင်ရွက်ရပါကြောင်း၊ ပြည့်စုံသည့် နိုင်ငံများတွင် အသင်း (၂၀)၊ (၂၂)သင်း ရှိပါကြောင်း၊ (၂)သင်းတက် (၂)သင်းဆင်း ဖြစ်သည့်အတွက် ပြိုင်ပွဲကျင်းပသည့်အခါ ပြိုင်ပွဲ၏ ရာသီချိန်အတွင်း ကျင်းပနိုင်မှ အဆင်ပြေမည်ဖြစ်ပါကြောင်း။

### နိုင်ငံတကာပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ

လက်ရွေးစင်ဘောလုံးအသင်းကို ယင်းလိဂ်ကပင် ရွေးချယ်ရပါကြောင်း၊ မိမိတို့၏လိဂ်ကို အာရှဘောလုံးအဖွဲ့ချုပ်က ထောက်ပံ့သည့်အပြင် ၎င်းတို့၏ သတ်မှတ်စံချိန်စံညွှန်းနှင့်ညီသည့်အတွက် နိုင်သည့်အသင်း (၂)သင်းသည် Asian Champion League ကို ကစားခွင့်ရသည့်အပြင် AFC Cup ကိုလည်း ကစားခွင့်ရပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပြည်တွင်းကလပ်ပြိုင်ပွဲသည် အပျော်တမ်းမဟုတ်ဘဲ နိုင်ငံတကာအဆင့်သို့ ပြောင်း၍ကစားသည့်အတွက် မိမိတို့၏ ဘောလုံးသမားများ၏ ဘဝလုံခြုံမှုကောင်းလာသကဲ့သို့ နိုင်ငံတကာပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားပါကြောင်း။

### အနည်းဆုံး ပြိုင်ပွဲလျှော့၍ ကျင်းပမည်

မိမိတို့အနေဖြင့် နှစ်စဉ် ပြိုင်ပွဲပြက္ခဒိန် ရှိပါကြောင်း၊ အောက်တိုဘာ၊ နိုဝင်ဘာဆိုလျှင် ပြိုင်ပွဲပြန်လည်စတင်ရန် ပြက္ခဒိန်ကို ရေးဆွဲထားပါကြောင်း၊ မတ်လ(၂၀) ရက်တွင် ပြိုင်ပွဲများ ရပ်နားလိုက်ပါကြောင်း၊ ဇူလိုင် ၁၅ ရက်တွင် ပြိုင်ပွဲပြန်လည်ကျင်းပနိုင်ရန် စတင်ပြင်ဆင်ခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လာရောက်ကြည့်ရှုခဲ့ပါကြောင်း၊ အဆောင်များ၊ အကယ်ဒမီများ၊ သင်တန်းကျောင်းများကို COVID Quarantine Center အဖြစ်ပြောင်းလဲခဲ့ပြီး ယနေ့အထိ လူ (၃၀၀၀) ခန့် Camp တွင် ထားရှိပြီး ကျွေးမွေးထားပါကြောင်း၊ မိမိတို့အနေဖြင့် AFC Cup နှင့် ACL တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရှိ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကို အနည်းဆုံး ပြိုင်ပွဲလျှော့၍ ကျင်းပမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ခွင့်ပြုပြီးဖြစ်သည့်အတွက် ဝမ်းသာပါကြောင်း၊ ယင်းအပေါ်တွင် မူတည်၍ ပြိုင်ပွဲကို အမြန်ဆုံးကျင်းပခွင့်ရမည်ဆိုပါက ဩဂုတ် ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများ အောက်တိုဘာတွင် ပြီးစီးသွားပါက တစ်ချိန်တည်းတွင် လက်ရွေးစင်အသင်းအတွက် လူရွေးချယ်မှုကိုပါ ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လိဂ်(၁)က ကလပ်နှစ်သင်းသည် လက်ရှိစီးပွားရေး အခြေအနေအရ ရပ်တည်ရန် ခက်ခဲသည့်အတွက် ဖျက်သိမ်းလိုက်ရပါကြောင်း၊ လက်ရှိတွင် လိဂ်(၁)၌ (၁၀) သင်းသာ ကျန်ရှိပါကြောင်း၊ အသင်းပိုင်ရှင်များအနေဖြင့် ဘောလုံးလောက တိုးတက်ရန် ၎င်းတို့၏ ငွေကြေးများ စိုက်ထုတ်၍ ဆောင်ရွက်ပေးနေသကဲ့သို့ မြန်မာနေရှင်နယ်လိဂ်အတွက် MPT ကလည်း စပွန်ဆာပေးပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်ကို လုံးဝမသုံးစွဲဘဲ ရပ်တည်ခဲ့သည်မှာ (၁၅) နှစ်ရှိပြီ ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ ဘောလုံးအားကစား တိုးတက်ရေးအတွက် ငွေကြေးစိုက်ထုတ် ကြိုးစားလုပ်ဆောင်နေပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ယခုထက်ပို၍ ကူညီပံ့ပိုးပေးစေလိုပါကြောင်း၊ နိုင်ငံတော်အပိုင်းအနေဖြင့်လည်း အသင်းများရပ်တည်ရန် အခက်အခဲများကို ကူညီစေလိုပါကြောင်း၊ ပြိုင်ပွဲများ ပြန်စ၍ ရမည့်အချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပါကြောင်း။

### အားလုံးညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်

ပြိုင်ပွဲများအားလုံးသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့် ဆက်စပ်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် အာရှဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်အစည်းအဝေးကိုလည်း Video Conference ဖြင့် ကျင်းပပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအခြေအနေ မတူညီသည့်အတွက် နိုင်ငံတကာ ပြိုင်ပွဲများ၏ ပြက္ခဒိန်ကို ရွှေ့ဆိုင်းရန် မေတ္တာရပ်ခံထားပါကြောင်း၊ ပြိုင်ပွဲများ၏ ပြက္ခဒိန်ကို တစ်နိုင်ငံတည်းရေးဆွဲ၍ မရပါကြောင်း၊ အားလုံးညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာပြိုင်ပွဲများတင်မက အမျိုးသမီးလိဂ်ကိုလည်း ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်စတင်ကျင်းပနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဖူဆယ်နှင့် သက်တမ်းအလိုက်ပွဲများလည်း ရှိပါကြောင်း၊ ထို့ကြောင့်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို မိမိတို့ ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စနစ်တကျဖြင့် ဒီဇင်ဘာလအထိ Plan ပေးထားလိုပါကြောင်း၊ ယင်းအပေါ်တွင် စဉ်းစား၍ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

### အကျပ်အတည်းဆုံး အခက်အခဲဖြစ်

ပရိသတ်မရှိသော်လည်း မိမိတို့၏ ပြိုင်ပွဲများကို MRTV အနေဖြင့် ပြသပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အကယ်ဒမီကျောင်းများတွင် ကျောင်းအိပ်၊ ကျောင်းစားအဖြစ် (၁၂) နှစ်သားကတည်းက မွေးထားပြီး အတန်းပညာနှင့် ဘောလုံးပညာ သင်ကြားပေးပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အဆောင်နေ ကစားသမားများကိုခွင့်ပြုပြီဆိုပါက ကလေးများကိုခေါ်ယူကစား၍ ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ စပွန်ဆာများအနေဖြင့်လည်း တစ်နိုင်ငံလုံးတွင်သာမက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးကျဆင်းသည့်အတွက် စာချုပ်များအပေါ်တွင် ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်း ချလာခြင်းများ ရှိပါကြောင်း၊ ယန္တရားလည်ပတ်ရန် နိုင်ငံတော်ဘတ်ဂျက်ဖြင့် သွားခြင်းမဟုတ်ပါကြောင်း၊ ဝင်ငွေအပေါ်တွင် မူတည်၍ ဆောင်ရွက်ရသောကြောင့် အားလုံးပြန်လည်သုံးသပ်၍ အသုံးစရိတ်များနှင့် ပွဲစဉ်များကိုလည်း လျှော့ချရပါကြောင်း၊ ယင်းတို့မှာ အကျပ်အတည်းဆုံး အခက်အခဲဖြစ်ပါကြောင်း။

### အားကစားပြိုင်ပွဲပြက္ခဒိန်ကို ပြန်လည်ညှိရ

ကိုဗစ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံး အတိုင်းအတာတွင် အာဆီယံအနေဖြင့် မိမိတို့အနေအထားသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ ယင်းမှာ နိုင်ငံတော်အကြီးအကဲများ၏ ကြိုးစားဆောင်ရွက်မှု၊ ပြည်သူပြည်သားများ၏ စည်းကမ်းလိုက်နာမှုတို့ကြောင့် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြန်လည်ခွင့်ပြု၍ ကျင်းပမည့် ပြိုင်ပွဲများသည် ကမ္ဘာ၊ အာရှတို့နှင့် ဆက်စပ်ပြီး ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် စနစ်တကျ ပြင်ဆင်၍ မိမိတို့ဘက်မှ ညွှန်ကြားချက်များကို ၎င်းတို့ဆီပေးပို့ကာ အားကစားပြိုင်ပွဲပြက္ခဒိန်ကို ပြန်လည်ညှိရသည့် အပိုင်း ရှိပါကြောင်း။

ကျောင်းများတွင် အားကစားပြိုင်ပွဲမရှိဘဲ နိုင်ငံအဆင့် ချန်ပီယံဖြစ်ခဲ့သည့် အကောင်းဆုံး အခြေအနေမျိုး ပြန်ရောက်ရန် မည်သို့မှ မဖြစ်နိုင်သည့်အတွက် အခြေခံအသက် (၆)နှစ်၊ (၈)နှစ်၊ (၁၀) နှစ်အရွယ်ကနေ ကစားခြင်းကို နိုင်ငံတော်အနေဖြင့် လာမည့်နှစ် ဘတ်ဂျက်ဆွဲသည့်အခါတွင် ထည့်သွင်းစဉ်းစား၍ ကူညီပံ့ပိုးပေးစေလိုပါကြောင်း၊ အားကာသိပ္ပံများတွင်လည်း ဘောလုံးအားကစားကို ဆက်လက် ထည့်သွင်းပေးစေလိုပါကြောင်း ပြောကြားသည်။

### ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ပေးမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဆွေးနွေးချက်များအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက ပြန်လည်ဆွေးနွေးရာတွင် စာသင်ကျောင်းများမှစတင်၍ အားကစားပြိုင်ပွဲများ ပြုလုပ်နိုင်ရန် စီစဉ်ထားမှုများရှိပါကြောင်း၊ ကိုဗစ်ကာလ ပြီးသည့်အချိန်တွင် ယခင်ကကဲ့သို့ ကျောင်းအားကစားပြိုင်ပွဲများကို ပြန်လည်ကျင်းပရန် စီစဉ်မည်ဖြစ်ပါကြောင်း၊ အားကာသိပ္ပံများတွင် ဘောလုံးအားကစား ဆက်လက်ထားရှိရေး ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ရေရှည်အစီအစဉ်တွင် ပါရှိပြီးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီတွင် ဆွေးနွေးပြီး ဘော်ဒါဆောင်များနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခွင့်ရချိန်တွင် အကယ်ဒမီသိပ္ပံကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

### သတိကြီးစွာ ဖြေလျှော့မှုလုပ်ဆောင်ပေးနေ

ရုရှားက ကိုဗစ်ကာကွယ်ဆေး စတင်တွေ့ရှိသည်ဟု သိရပါကြောင်း၊ WHO က အရည်သွေး ပြည့်မီ၊ မမီ ရုရှားမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ဟု သိရပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် WHO နှင့် ဆွေးနွေးထားသည်များ ရှိပါကြောင်း၊ WHO သည် ကိုဗစ်ကာကွယ်ဆေး တရားဝင်ရရှိပါက ဝင်ငွေနည်းသည့် နိုင်ငံများနှင့် အလယ်အလတ်ရှိသည့် နိုင်ငံများပါ မကျန်ရှိစေရေးအတွက် သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပေါင်းစုံ ရရှိရေးအတွက် အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်နေသည့် ဝန်ထမ်းများကို ဦးစားပေးပြီး ရရှိရန်အတွက် စီစဉ်ထားပါကြောင်း၊ ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် တစ်ဆင့်ချင်း စနစ်တကျ သတိကြီးစွာ ဖြေလျှော့မှုလုပ်ဆောင်ပေးနေပါကြောင်း၊ ပြည်သူလူထုကလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ပေးထားသည့် တစ်ဦးချင်းလိုက်နာရမည့် စည်းကမ်းများကို ပို၍လိုက်နာခြင်းအားဖြင့် ကိုဗစ် -၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### တင်းတင်းကျပ်ကျပ်ဆောင်ရွက်လျက်ရှိ

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဘောလုံးသမားများကို ပုံမှန်အတိုင်း အမြန်ဆုံး ပြန်လည်ကစားစေလိုပါကြောင်း၊ ထို့အတူ နိုင်ငံကိုလည်း ပုံမှန်အတိုင်း အမြန်ဆုံး ပြန်လည်လည်ပတ်စေလိုပါကြောင်း၊ ကာကွယ်ဆေး ရပြီဆိုသည့်သတင်းကိုလည်း သေချာစိစစ်ရဦးမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကိစ္စများကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိတ်ချရပြီဆိုပါက ဘောလုံး အားကစားပြိုင်ပွဲများကို အမြန်ဆုံးကျင်းပနိုင်ရန် ဆောင်ရွက်ပေးစေလိုပါကြောင်း။

### နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်

ဘောလုံးအားကစားသမားများ ၄ လ၊ ၅ လ ခန့် လေ့ကျင့်မှုမရှိသည့်အခါ အနည်းငယ်စွမ်းရည်ကျလာမှုအပေါ် ကျန်းမာရေးဘက်မှ မည်သို့အကူအညီပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ ယခုအခါ Quarantine ဝင်နေချိန်တွင် စနစ်တကျ အထူးလေ့ကျင့်ခန်းများနှင့် စွမ်းရည်ပြန်တက်လာစေရန် အစားအသောက်၊ အနေအထိုင်ကို စနစ်တကျ ဆောင်ရွက်ပေးရန် လွယ်ကူနိုင်ပါကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကူညီသကဲ့သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အစိုးရကို ကိုယ်စားပြု၍ တတ်နိုင်သည့်ဘက်မှ ကူညီပေးစေလိုပါကြောင်း၊ အားကစားလောက အောင်မြင်ခြင်းသည် နိုင်ငံ၏အောင်မြင်ခြင်းနှင့် နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်ပါကြောင်း၊ တစ်ချိန်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှ၌ ထိပ်တန်းဖြစ်ခဲ့ပါကြောင်း၊ ယခုအချိန်အထိ သတိရနေပါကြောင်း၊ ထိုသို့ ပြန်လည်ဖြစ်စေရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

### ကမ္ဘာ့အဆင့်အတန်းမီရန် များစွာကြိုးစား

အခြေခံအားဖြင့် ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဘောလုံးသမားများသည် ပထမပိုင်းတွင် အင်တိုက်အားတိုက်ကစားပြီး ဒုတိယပိုင်းတွင် ကစားအားကျသွားခြင်းမှာ ငယ်စဉ်ကတည်းက အာဟာရမပြည့်ဝခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ အသက်ကြီးမှ ပြန်ပြင်ရန် ခက်ခဲပါကြောင်း၊ မွေးကတည်းက စနစ်တကျ အာဟာရပြည့်ဝစွာ စားခဲ့ရသူများနှင့် မွေးကတည်းက အာဟာရပြည့်ဝစွာ မစားခဲ့ရသည့်သူများသည် ရေရှည်ခံနိုင်ရည်ရှိမှုခြင်း မတူပါကြောင်း၊ ကမ္ဘာ့အဆင့်အတန်းမီရန် များစွာ ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဘက်က ကြိုးစားသကဲ့သို့ အားကစားဘက်ကလည်း ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျပြီး အရေးကြီးပါကြောင်း၊ အဖွဲ့အစည်းနှင့် ဆောင်ရွက်ပါက အမှန်တကယ် အောင်မြင်မှုရရှိမည် ဖြစ်ပါကြောင်း။

### ကွက်ကွက်ကွင်းကွင်းပေါ်အောင် ပြသနေ

တချို့အားကစားများကို တစ်ဦးတည်း လုပ်ဆောင်၍ ရသည်ဟု တချို့က ထင်ကြပါကြောင်း၊ ဥပမာ - ရေကူးချန်ပီယံတစ်ဦးသည် တစ်ဦးချင်းပြိုင်ပွဲများဖြစ်သည့်အတွက် ၎င်းတစ်ဦးတည်း အနိုင်ရသွားပါကြောင်း၊ ထိုသို့ အနိုင်ရရှိရန်အတွက် ၎င်းအား လေ့ကျင့်ပြုစုပျိုးထောင်လာသည့်တစ်လျှောက်တွင် တခြားသူများပါလာသည်ကို မေ့၍ မရပါကြောင်း၊ ၎င်းအား ပြုစုပျိုးထောင်ပေးခဲ့သည့် မိသားစု၊ သင်ကြားပေးသည့် *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

နည်းပြဆရာများ အဆင့်ဆင့်ရှိပါကြောင်း၊ မည်သူမှ တစ်ဦးတည်းတတ်လာခြင်း မရှိပါကြောင်း၊ ဘေးတွင် ပတ်ဝန်းကျင်၊ အစုအဖွဲ့နှင့် ဝန်းရံထားသည့်သူများ ရှိပါကြောင်း၊ ယင်းအချက်သည် များစွာအရေးကြီးပါကြောင်း၊ ဘောလုံးလောကသည် ယင်းအချက်ကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ပြသနေသည့်အတွက် များစွာ သဘောကျပါကြောင်း၊ ဝါသနာအပြင် စိတ်ဓာတ်ရေးရာအရ ပူးပေါင်းဆောင်ရွက်ခြင်းသည် ဘောလုံးကစားခြင်းအတွက် များစွာအရေးကြီးပါကြောင်း။

### လူငယ်များအတွက် စံပြ ဖြစ်စေလို

ဘောလုံးသမားများကို လူငယ်များအတွက် စံပြဖြစ်စေလိုပါကြောင်း၊ အရာရာတွင် စံပြဖြစ်ရမည်ဟု ပြောခြင်း မဟုတ်ပါကြောင်း၊ ဘောလုံးသမားများပေးနိုင်သည့် စံပြသည် အစုအဖွဲ့နှင့် လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲ မိမိအရည်အချင်း တက်ရန်အတွက် မိမိ၏ ရဲဘော်ရဲဘက်များကို အားကိုးရသကဲ့သို့ မိမိကလည်း မိမိ၏ရဲဘော်ရဲဘက်များ အရည်အချင်းတက်ရန် ဝိုင်းဝန်းပံ့ပိုးရပါကြောင်း၊ ယင်းကို ပြသနိုင်ခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာကောင်းပါကြောင်း၊ ထွန်းသစ်စနိုင်ငံ၊ ဖွံ့ဖြိုးမှုကို စတင်သည့် နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက်ဆိုလျှင် ယင်းစိတ်ဓာတ်နှင့် အလေ့အကျင့်သည် များစွာကောင်းပါကြောင်း၊ ဘောလုံးသမားများ လစာလျှော့ယူနေခြင်းသည် မိမိကို ကူညီနေသူများ၊ အသင်းကို ပံ့ပိုးပေးသူများ သက်သာစေရန်အတွက် ဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်သည် များစွာကောင်းသည့် စိတ်ဓာတ်ဖြစ်ပါကြောင်း၊ အားလုံးစုပေါင်းပြီး အင်အားတစ်ခု တည်ဆောက်၍ရကြောင်း ပြသခြင်းသည် များစွာ ကောင်းပါကြောင်း၊ ယင်းမှာ ဘောလုံးသမားကောင်း၏ စိတ်ဓာတ်ဖြစ်ပါကြောင်း။

ဘောလုံးသမားကောင်း၏ စိတ်ဓာတ်မှာ အသင်းအဖွဲ့ကောင်းတစ်ခု၏ စိတ်ဓာတ်ဖြစ်ပါကြောင်း၊ အသင်းအဖွဲ့ကောင်းတစ်ခု၏ စိတ်ဓာတ်သည် နိုင်ငံတစ်ခု၏ စိတ်ဓာတ်ဖြစ်သင့်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံးသည် အသင်းအဖွဲ့ကောင်းတစ်ခု စိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏တိုးတက်မှုသည် စိတ်ချရပါကြောင်း၊ Myanmar National League ပြိုင်ပွဲများ ပြန်လည်စတင်နိုင်ရန် ဆောင်ရွက်ထားမှုများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် ကိုက်ညီသကဲ့သို့ တစ်နိုင်ငံလုံး၏ လိုအပ်ချက်နှင့်လည်း ကိုက်ညီပါကြောင်း၊ ထို့ကြောင့် Myanmar National League ပြိုင်ပွဲများ ပြန်လည် ကျင်းပနိုင်မည်ဆိုသည့်အတွက် ဝမ်းသာပါကြောင်း ပြန်လည်ဆွေးနွေး သုံးသပ်ပြောကြားသည်။

### ဘောလုံးအားကစားကို အားပေးရမည်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်စကားပြောကြားရာတွင် ဘောလုံးအားကစားကို အားကစားအနေဖြင့်သာမက စိတ်ဓာတ်ရေးရာအနေဖြင့်ပါ များစွာအားပေးလိုပါကြောင်း၊ ကျောင်းများမှ စတင်၍ ဘောလုံးအားကစားကို အားပေးရမည်ဖြစ်ပါကြောင်း၊ မြို့တိုင်းတွင် ဘောလုံးကွင်းရှိသည်ဆိုသည့် အခြေအနေဖြစ်စေရန် ကြိုးစားပေးကြရန် ပြောကြားထားပါကြောင်း၊ လုပ်ငန်းရှင်များ ထောက်ပံ့နိုင်ရန်မှာ ၎င်းတို့အနေဖြင့်လည်း စီးပွားရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ အားကစားသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်၍ ဘောလုံးအားကစားအစီအစဉ်များ ရေးဆွဲတင်ပြထားသည်မှာ ကောင်းမွန်ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်ပြီး ဗဟိုကော်မတီက (၁၅)ရက်တစ်ကြိမ် တွေ့ဆုံ၍ မည်သို့ဖြေလျှော့ပေးနိုင်မည်ကို ဆွေးနွေးကြပါကြောင်း။

အကယ်ဒမီများကိုစွာကိုလည်း ထည့်သွင်းစဉ်းစားမည်ဖြစ်ပါကြောင်း၊ ဘော်ဒါဆောင်များကိုစွာလည်း စဉ်းစားရန် တင်ပြလာခြင်း ရှိပါကြောင်း၊ ယင်း(၂)ခုသည် ဆက်စပ်နေပါကြောင်း၊ အခြေခံပညာအထက်ကျောင်းများ ပြန်လည်ဖွင့်လှစ်သည်မှာ ၁ လခန့် ရှိပြီဖြစ်ပါကြောင်း၊ ယင်းအပေါ်အခြေခံ၍ မည်သို့ဖြေလျှော့မှုများ ပြုလုပ်ပေးနိုင်မည်ကို စဉ်းစားနေပါကြောင်း၊ ဘောလုံးအားကစားလောက တစ်ခုတည်း သာမက တစ်နိုင်ငံလုံးကို အမြန်ဆုံး ပုံမှန်ပြန်လည်ဖြစ်စေလိုပါကြောင်း၊ သို့သော် လုံခြုံသည့်နည်းလမ်းဖြင့်ဖြစ်စေလိုပါကြောင်း၊ တချို့နိုင်ငံများတွင် ပြည်သူများ၏ ဖိအားပေးမှုကြောင့် ဖြေလျှော့ပေးမှု စောသည့်အတွက် ကိုဗစ်ဒုတိယလှိုင်း ဝင်လာပါကြောင်း၊ ထို့ကြောင့် စည်းကမ်းများကို ပြန်လည်တင်းကျပ်ရသည့်အတွက် နိုင်ငံ ပိုမိုနစ်နာပါကြောင်း၊ ယခုအချိန်တွင် ဘောလုံးပွဲများ ပြန်လည်စနိုင်မည်ဆိုပါက ပြည်သူများစိတ်ဓာတ်တက်ကြွလာမည်ဟု ယုံကြည်ပါကြောင်း၊ ရုပ်မြင်သံကြားတွင် ပြသရန် မခက်ခဲပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ ဘောလုံးပွဲများ ကြည့်ခြင်းဖြင့် ပြည်သူများအတွက်လည်း များစွာ စိတ်ရွှင်လန်းစရာဖြစ်မည်ဖြစ်ပါကြောင်း။

### လုပ်ပေးနိုင်သည်များကို ဆောင်ရွက်ပေးမည်

နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ လုပ်ပေးနိုင်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ ချမ်းသာသည့်နိုင်ငံ မဟုတ်သေးသော်လည်း စိတ်ဓာတ်အရ တတ်နိုင်သမျှ ပံ့ပိုးပေးရန် အဆင်သင့်ရှိသည့်အတွက် ပံ့ပိုးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကို ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ပြဿနာဖြစ်မည်ဟု ထင်မြင်ကြသူများရှိပါကြောင်း၊ ယခုအခါ ထင်မြင်သလို မဟုတ်သည်ကို လိုလိုလားလားဖြင့် ဝန်ခံသူများ ရှိပါကြောင်း၊ အရေးကြီးသည်မှာ ရရှိထားသည့် အောင်မြင်မှုကို အားကစားသမားစိတ်ဓာတ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း။

အားကစားသမားစိတ်ဓာတ်သည် နိုင်ရုံဖြင့် မပြီးပါကြောင်း၊ ရှုံးသည့်အခါတွင်လည်း ကြံ့ကြံ့ခံနိုင်ရမည်ဖြစ်ပါကြောင်း၊ ပြန်လည်အနိုင်ယူနိုင်အောင် လုပ်ဆောင်နိုင်သည့် အင်အားကိုလည်း မွေးနိုင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားကစားသမား စိတ်ဓာတ်ကို များစွာတန်ဖိုးထားပါကြောင်း၊ တန်ဖိုးထားသည့်အတိုင်း အားကစားသမားများကို ပြုစုပျိုးထောင်ပေးလိုပါကြောင်း။

### ဘောလုံးလောက အမြန်ဆုံးပုံမှန်ဖြစ်သွားရန် စီစဉ်

တစ်ကမ္ဘာလုံးတွင် လူအများဆုံး စိတ်ဝင်စားပြီး ဝိုင်းဝန်းထောက်ခံသည်မှာ ဘောလုံးအားကစားဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘောလုံးလောကကို တိုးတက် ဖွံ့ဖြိုးစေချင်ပါကြောင်း၊ ကိုဗစ်ကြောင့် ပြဿနာများ ရင်ဆိုင်နေရသည်ကို သဘောပေါက်နားလည်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ကူညီမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင်ရှိသည့် အရင်းအမြစ်များသည် ပြည်သူပြည်သားများအတွက် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အဓိကမှာ ပြည်သူပြည်သားများဖြစ်ပါကြောင်း၊ နိုင်ငံ့အရင်းအမြစ်၊ နိုင်ငံ့ချမ်းသာမှုအားလုံးသည် ပြည်သူပြည်သားများအတွက် ဖြစ်ပါကြောင်း၊ နိုင်ငံ ချမ်းသာလာသည်နှင့်အမျှ ပြည်သူပြည်သားများ ချမ်းသာရန်နှင့် အားကစားသမားများ တိုးတက်ရန်အတွက် ဖြစ်စေရမည်ဖြစ်ပါကြောင်း၊ ဘောလုံးလောက အမြန်ဆုံးပုံမှန်ဖြစ်သွားရန် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများကိုလည်း အမြန်ဆုံးစတင်နိုင်ရန်နှင့် ရုပ်မြင်သံကြားတွင် ပြသနိုင်စေရန် တတ်နိုင်သမျှ ဝိုင်းဝန်းပံ့ပိုး စီစဉ်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရေးအတွက် ပြည်ပရှိ မြန်မာသံရုံးအကြီးအကဲများနှင့် Video Conferencing စနစ်ဖြင့် တွေ့ဆုံညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၁၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက်ရှိနေကြသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ကိစ္စနှင့်ပတ်သက်၍ ယမန်နေ့ ညနေ ၆ နာရီတွင် မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး အကြီးအကဲများနှင့် Video Conferencing စနစ်ဖြင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းသည်။ **(ယာပုံ)**



အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ စီမံကိန်းနှင့်စီမံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်နှင့် ပြည်ပရှိ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး (၄၅) ရုံးမှ မြန်မာသံအမတ်ကြီးများ၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်များ၊ မြန်မာကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံညှိနှိုင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ လာမည့်အထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံနိုင်မှုရှိပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒနှင့်မဲရလဒ် တစ်ထပ်တည်းဖြစ်သော ရွေးကောက်ပွဲဖြစ်စေရန်၊ ပြည်ပရောက် မဲပေးပိုင်ခွင့်ရှိသူ မဲပေးခွင့် မဆုံးရှုံးစေရေး၊ ကြိုတင်မဲဆန္ဒပေးနိုင်ရေးအတွက် စနစ်တကျ ပြင်ဆင်ထားကြရန်နှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ကျရာကဏ္ဍမှ ပံ့ပိုးကူညီသွားကြရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ထားပါကြောင်း၊ ယခုနှစ် ရွေးကောက်ပွဲကာလမှာ ကိုဗစ်– ၁၉ ကာလဖြစ်နေခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ရပ်နားထားချိန် ဖြစ်ခြင်းတို့ကြောင့် ဆန္ဒမဲပြားများ အမှားအယွင်းမရှိ အချိန်နှင့်တစ်ပြေးညီ ပေးပို့ရောက်ရှိနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးများ (၃)ပွင့်ဆိုင် ညှိနှိုင်းရန် အရေးကြီးပါကြောင်း။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၄၇)(ခ)တွင် နိုင်ငံပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ပတွင် ကြိုတင်မဲပေးရေး လုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာပြီး အဆင်ပြေချောမွေ့စွာ ကျင်းပပေးနိုင်ရေးအတွက် ကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ သံရုံးများအားလုံးသို့ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည့် “အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်” အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားနိုင်ရန်အတွက် အဆိုပါ လုပ်ငန်းလမ်းညွှန်ကို ကျေညက်စွာ ကြိုတင်ဖတ်ရှုထားကြရန် အထူးအလေးပေး ပြောကြားလိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ လုံခြုံမှုရှိရေး၊ မဲရုံနှင့် ဆန္ဒမဲပြားများ လုံခြုံရေးကိုလည်း စီမံချက်များရေးဆွဲပြီး စနစ်တကျ ပြင်ဆင်ထားကြရမှာဖြစ်ကြောင်း၊ ယခင် ရွေးကောက်ပွဲအတွေ့အကြုံများအရ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူပြီး အဆင်ပြေအောင် ဆောင်ရွက်သွားကြရန် အလေးထားပြောကြားလိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်း၊ ဆန္ဒမဲပြားပေးပို့မှုများ လွဲမှားမှုမရှိစေရေးနှင့် ပြည့်စုံမှုရှိစေရေးအတွက်လည်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာသံရုံးများအနေဖြင့် ပြည်ပတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးကိစ္စများနှင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကိစ္စရပ်များကို ဝန်ထမ်းအင်အား အကန့်အသတ်ဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို သိရှိပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံသားများမှ သံရုံးများသို့ မေးမြန်းစုံစမ်းသည့် ကိစ္စရပ်များကို သံရုံး တာဝန်ရှိသူများမှ စိတ်ရှည်သည်းခံ၍ ပြေလည်အောင် ဆက်ဆံရှင်းလင်း ဖြေကြားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့် မဆုံးရှုံးရေးအတွက် မဲဆန္ဒရှင်များက ပုံစံ(၁၅)အား ဩဂုတ် ၅ ရက်မတိုင်မီ ဖြည့်စွက်ပေးပို့ကြစေရန်သတ်မှတ်ထားရှိခဲ့သော်လည်း ယခုအခါ နိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ရက်တိုး၍ လက်ခံပေးရန်ကိစ္စ၊ ပြည်တွင်းရှိ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်မပါရှိသေးပါက မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုသည့် ပုံစံ(၃)ကို ဖြည့်စွက်၍ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် ဩဂုတ် ၁၇ ရက်မတိုင်မီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ရေးကိစ္စ၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ စိစစ်ပြီးသည့် ပုံစံ(၁၅) နှင့် ပုံစံ(၃)တို့အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အချိန်မီ ပြန်လည်ပေးပို့ရေး၊ ကြိုတင်ဆန္ဒမဲ လက်မှတ်များ မြန်မာသံရုံးများသို့ ပေးပို့ရေးနှင့် လျှို့ဝှက်ဆန္ဒပြုပြီး မဲလက်မှတ်များအား စနစ်တကျ လုံခြုံစွာဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အချိန်မီ ပြန်လည်ပေးပို့ရေးအတွက် ဆောင်ရွက်ရန်နည်းလမ်းအစီအမံဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် မဲရုံများ ဖွင့်လှစ်ရေးနှင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ သက်ဆိုင်ရာ နိုင်ငံများမှ ချမှတ်ထားသည့် ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီမံချက်များ ရေးဆွဲဆောင်ရွက်သွားနိုင်ရေးနှင့် မရှင်းလင်းသည်များရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာ တာဝန်ရှိသူနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ရန် Hotline စီစဉ်ပေးရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများက ပြန်လည်ဆွေးနွေး မေးမြန်းချက်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်တို့က ရှင်းလင်းဖြေကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ရန်ပုံငွေများ ခွဲဝေချထား

အစည်းအဝေးတွင် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို ဖြည့်ဆည်းပေးနိုင်ရန် လူငယ်ရေးရာမူဝါဒကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်ကိုယ်စားလှယ်များ၊ နည်းပညာအကြံပေးများနှင့် အတူ အားလုံး ပါဝင်ကြိုးပမ်းမှုများဖြင့် ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄) ကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူငယ်ရေးရာမူဝါဒ အပိုဒ် ၃၀ တွင် လူငယ်များ အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ပြီး အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံ သင်ယူနိုင်မည့်နေရာဖြစ်သည့် လူငယ်စင်တာကို ထည့်သွင်းဖော်ပြထားရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် လူငယ်စင်တာများ ထွက်ပေါ်လာစေရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များသို့ ညှိနှိုင်းပေးပြီး လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရန် ဘတ်ဂျက်ရန်ပုံငွေများ ခွဲဝေချထားပေးခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် လူငယ်စင်တာတစ်ခုကို လူငယ်များနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းကြိုးပမ်းမှုဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့တွင် လူငယ်စင်တာအတွက် မြေနေရာများ ရရှိပြီးဖြစ်ပါကြောင်း၊ လူငယ်စင်တာအပြင် လူငယ်ရေးရာကိစ္စရပ်များအတွက်လည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကိုလည်း ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ်ကျင်းပပေးခဲ့ပါကြောင်း၊ အနာဂတ်လူသားစွမ်းရည်အရင်းအမြစ် မျိုးဆက်သစ်လူကောင်း၊ လူတော်များ ဖြစ်ပေါ်လာစေရန် ရေရှည်စီမံချက်များဖြင့်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်များသည် မိမိတို့၏ နိုင်ငံအတွင်း၌ သာမက ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုမြင့်တင်ကြရန် လိုအပ်ကြောင်း။

အာဆီယံက ဆောင်ရွက်လျက်ရှိသည့် လူငယ်ဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အာဆီယံအသင်းဖွဲ့စည်းပြီး လူငယ်များအပါအဝင် အများပြည်သူများထံမှ သဘောထားအမြင်များနှင့် အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင်၊ လူငယ်ကိုယ်စားလှယ်နှစ်ဦး ပါဝင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကိုယ်စားပြုလူငယ်များအနေဖြင့် တတ်စွမ်းသမျှကြိုးပမ်းဆောင်ရွက် သွားကြစေလိုကြောင်း၊ လူငယ်များ၏ ပြည်သူများနှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မြို့ပြနှင့် ကျေးလက်မကျန် လူငယ်အများစု ပူးပေါင်းပါဝင်နိုင်ရေး လူငယ်များကပင် ကြိုးပမ်းကြစေလိုကြောင်း၊လူငယ်ကိုယ်စားလှယ်များက ရေးဆွဲထားသည့် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ (မူကြမ်း)ကို အပြီးသတ် ညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်းနှင့် ဆက်လက်အကောင်အထည်ဖော်မည့်မဟာဗျူဟာလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု ယန္တရားဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

### ထိရောက်သော အထောက်အပံ့

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ မြန်မာနိုင်ငံလူငယ်ရေးရာ ကော်မတီဝင် လူငယ်ကိုယ်စားလှယ်များ၏ တာဝန်ဝတ္တရားများ (မူကြမ်း)ကို ရေးဆွဲထားပြီး ဆွေးနွေးနိုင်ကြမည်ဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ရေးဆွဲထားနိုင်ပြီဖြစ်၍ စုပေါင်းအင်အားဖြင့် လူငယ်များ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လူငယ်များ၏ အနာဂတ်အတွက် ပညာရေးသည် အကျိုးရှိသည့် သင်ယူခြင်းဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကလေးဘဝရှေ့ဆောင်ရက် ၁၀၀၀ စီမံချက်သည် တစ်သက်တာ သင်ယူတတ်မြောက်မှုအတွက် အရေးကြီးသော အခြေခံအုတ်မြစ်အဖြစ် ထိရောက်သော အထောက်အပံ့ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် လူမှုစီးပွားဘဝတိုးတက်စေရန်ပင် ဖြစ်ပါကြောင်း၊ Quality Education လည်းဖြစ်ရန်လိုပါကြောင်း၊ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ချန်မထားပါကြောင်း၊ ယခု COVID-19 ကာလတွင်လည်း ကျန်းမာရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် သင်ယူမှုပတ်ဝန်းကျင်ဖြစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် လိုအပ်သည့် အချက်အလက်များကို စံသတ်မှတ်ချက် (Standard Operation Procedures) များဖြင့် တိုင်းတာကြောင်း၊ လူငယ်စင်တာများ ဖွင့်လှစ်နိုင်မှုကိုလည်း ကြိုဆိုပါကြောင်းနှင့် အလွှာစုံတွင်ရှိနေသည့် လူငယ်များအတွက် ထည့်သွင်းစဉ်းစားရန်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကို ရေးဆွဲထားနိုင်ပြီဖြစ်၍ လူငယ်များအတွက် ဂုဏ်ယူပါကြောင်း၊ လူငယ်မူဝါဒတွင် ပါဝင်သော ပညာရေးကဏ္ဍ(၁၅)ချက်၊ ကျန်းမာရေးကဏ္ဍ (၈) ချက်၊ မူးယစ်ဆေးနှင့် အခြား ဘေးဖြစ်စေတတ်သည့် အန္တရာယ်များ (၆)ချက်၊ အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍတွင်(၈)ချက် စသည့်သတ်မှတ်ချက်များကို ပြည့်မီအောင် စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများအားလုံးနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရန် အဓိကအရေးကြီးဆုံးအချက်မှာ ကိုယ်တိုင်ကျန်းမာရန်၊ အသက်မွေးဝမ်းကျောင်းပညာနှင့် အတန်းပညာတတ်ရန်၊ ပရဟိတစိတ်ဓာတ်ရှိရန်၊ စုပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်ရှိရန်၊ နားလည်မှုနှင့် သည်းခံစိတ်ရှိရန်လိုအပ်ပါကြောင်း၊ မိမိတို့လူငယ်များ၏ ဆောင်ရွက်နိုင်စွမ်းကို အနှောင့်အယှက် အဟန့်အတားဖြစ်စေမည့် အချက်များဖြစ်သော ကွမ်းယာ၊ ဆေးလိပ်၊ အရက်သောက်သုံးမှု၊ မူးယစ်ဆေးသုံးစွဲမှုအပါအဝင် ကျန်းမာရေးနှင့် မညီညွတ်သော ဘဝနေထိုင်မှုပုံစံများကို ရှောင်ကြဉ်ရမည်ဖြစ်ပါကြောင်း၊ အပေါင်းအသင်း မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံကြစေလိုပါကြောင်း၊ လူငယ်များအနေဖြင့် မည်သည့်လုပ်ငန်းကို လုပ်ချင်သည် ဖြစ်စေ ကျန်းမာရန်အဓိကဖြစ်၍ ကိုယ်ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားပုံမှန်ပြုလုပ်ခြင်း၊ စိတ်ကျန်းမာရေးအတွက် ပြည်သူ့နီတိ၊ လူကျင့်ဝတ်များနှင့်အညီ ကျင့်ကြံတွေးခေါ် နေထိုင်ခြင်းတို့သည် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံလူငယ်ရေးရာ ကော်မတီဝင် လူငယ်ကိုယ်စားလှယ်များက ရေးဆွဲထားသည့် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ (မူကြမ်း)၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု အခြေအနေများ၊ မဟာဗျူဟာစီမံချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများတွင် ထည့်သွင်းသင်ကြားမည့် သင်ရိုးညွှန်းတမ်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်စေရန်ရည်ရွယ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် ထည့်သွင်းသင်ကြားမည့် သင်ရိုးညွှန်းတမ်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက သင်ရိုးညွှန်းတမ်းများသည် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများရှိ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်း သင်တန်းသားများအား သင်ကြားပေးမည့် သင်ရိုးညွှန်းတမ်းများဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ အကြံပြုချက်များရှိပါက ဆွေးနွေးတင်ပြပေးကြစေလိုပါကြောင်း၊ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေးအတွက် လေ့ကျင့်သင်ကြားမှုဆိုင်ရာ ကော်မတီဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ ရုံးလုပ်ငန်းများ၊ ဝန်ထမ်းစီမံရေးရာများ၊ နည်းပြနည်းစနစ်မှူးများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာ၊ စီမံ/ ဘဏ္ဍာရေးလိုင်း အမျိုးမျိုးတွင် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊



ကျွမ်းကျင်သောနည်းပြများ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရရှိသောနည်းပြများ၊ ကျွမ်းကျင်စွာ လေ့ကျင်သင်ကြား ပေးနိုင်သည့် နည်းပြများ လိုအပ်ပါကြောင်း၊ နည်းပြများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရှာဖွေမွေးထုတ်ပေးရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်/မြို့နယ်၊ ရပ်ကွက်များတွင်လည်း မြေနေရာရရှိပါက အားကစားကွင်းများဆောက်လုပ်ခြင်း၊ အားကစားပစ္စည်းလှူဒါန်းခြင်း၊ EIM များ ပြုလုပ်ခြင်းဖြင့် လူထုကျန်းမာစေရေးအတွက် စည်းရုံးဆောင်ရွက်သင့်ပါကြောင်း၊ Outdoor Fitness များကို လူအများကစားနိုင်သောနေရာများတွင် ပြောင်းလဲတပ်ဆင်စေလိုပါကြောင်း၊ လေ့ကျင့်ရေး Center တွင် ကွန်ပျူတာ၊ စာကြည့်တိုက်တွင် အားကစားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်များထားရှိစေလိုပါကြောင်း၊ လေ့ကျင့်ရေး Center တစ်ခုထားရှိပြီး ကဏ္ဍအလိုက် သင်တန်းများ ဖွင့်လှစ်စီမံဆောင်ရွက်ပေးစေလိုကြောင်း၊ ဘာသာရပ်အလိုက် အားကစားနည်းများတွင် အားကစားသမားများ၊ နည်းပြများ အရည်အချင်း တိုးတက်လာစေရေး၊ အားကစားနည်း စီမံခန့်ခွဲမှုများနှင့် နိုင်ငံတကာနှင့် ဆက်ဆံရာတွင် တိုးတက်လာစေရန် သင့်လျော်သည့် လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက သင်ရိုးညွှန်းတမ်းများတွင် အသုံးပြုမည့်

*စာမျက်နှာ ၉ သို့*

❊ ကျောဖုံးမှ

လုပ်ငန်းအတွက် ငွေကျပ် ၄၅ သိန်းတို့ကို အမျိုးသားသဘာဝဘေး ရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ထောက်ပံ့ပေးအပ်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကလေးမြို့မှ ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ထေးဇန်)သို့ ရောက်ရှိကြရာ ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးဦးက ကော်ဖီခြံအတွင်း ကော်ဖီစေ့ပျိုးထောင်ပြီး ဒေသခံကော်ဖီစိုက် တောင်သူများအား ဖြန့်ဖြူးပေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့နယ်ရှိ ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ထေးဇန်)အား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တီးတိန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အဦသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ကော်ဖီပျိုးပင်များကို အခြားဒေသများမှ သယ်ယူ စိုက်ပျိုးပါက သယ်ယူစရိတ် ပိုမိုကုန်ကျခြင်း၊ လမ်းခရီးတွင် လေလွင့်ပျက်စီးမှုရှိနိုင်ခြင်း၊ စိုက်ပျိုးရန် လိုအပ်သည့်အချိန်တွင် လိုအပ်သည့် အရေအတွက် မရနိုင်ခြင်းစသည့် ကန့်သတ်ချက်များရှိသည့်အတွက် ဝေးလံသည့် ဒေသများရှိ ကော်ဖီစိုက် တောင်သူများထံသို့ ကော်ဖီပျိုးပင်များကို စိုက်ပျိုးရေးပျိုးခြံမှ သယ်ယူစိုက်ပျိုးစေခြင်းအစား ကော်ဖီစိုက်ပျိုးရာ ဒေသများတွင် ကော်ဖီအစေ့ဖြင့် ပျိုးထောင်ဖြန့်ဖြူးသည့်စနစ်ကို ကျင့်သုံးရန် မှာကြားသည်။

**ဖြန့်ဖြူးပေး**

အဆိုပါခြံသည် ဧရိယာ ၈၂ ဧကကျယ်ဝန်းပြီး ၃၁ ဒသမ ၈ ဧကတွင် ကော်ဖီပင်များ စိုက်ပျိုးထားကာ ယင်းခြံမှ အာရေးဗီးကားကုန်းမြင့် ကော်ဖီပျိုးပင် ၃၈၀၀၀ ကို ကော်ဖီစိုက် တောင်သူများအား ယခုနှစ်မိုးရာသီအတွင်း အခမဲ့ဖြန့်ဖြူးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နောင်နှစ်တွင် ကော်ဖီပျိုးပင် ၅၀၀၀၀ ကျော် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်တစ်ပြည်နယ်လုံးအတွက် ကော်ဖီပျိုးပင် ၄ သိန်းကျော် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတသည် တီးတိန်မြို့သို့ ရောက်ရှိပြီး တီးတိန်မြို့ မိုးလုံလေလုံ အားကစားရုံသစ် (ဘွာလ်ဇန်အားကစားရုံ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်က အားကစားရုံသစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အဆောက်အဦကို ရေရှည်အသုံးပြုနိုင်ရေး သတ်မှတ်စံချိန်စံညွှန်းမီစွာ ဆောက်လုပ်ရန်နှင့် စနစ်တကျ ဆက်လက်ထိန်းသိမ်းနိုင်ရေး မှာကြားသည်။

အဆိုပါ အားကစားရုံသစ်သည် အလျားပေ - ၁၂၀ ၊ အနံ ပေ - ၉၀ ၊ အမြင့်- ၃၆ ပေရှိကာ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာ ရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄၇ ဒသမ ၅ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**အဆောက်အဦသစ် ဆောက်လုပ်**

ယင်းနောက် ဒုတိယသမ္မတသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အဦသစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ Equal Construction and Decoration Co.,ltd စီမံကိန်းမန်နေဂျာ ဦးအောင်ခန့်မင်းက အဆောက်အဦသစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အဆောက်အဦသစ်သည် အလျားပေ - ၁၄၀၊ အနံ - ၃၄ ပေ၊ အမြင့် ၂၄ ပေရှိပြီး သံကူကွန်ကရစ် နှစ်ထပ် အဆောက်အဦဖြစ်ကာ အဆောက်အဦစီမံကိန်း တန်ဖိုးငွေကျပ် ၃၈၄ ဒသမ ၃၂၇ သန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုသရေးနှင့် ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ၌ ကုသရေးနှင့် ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးပညာနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဆင့်တာဝန်ရှိ သူများ၊ ဆေးပညာ၊ ခွဲစိတ်ပညာ၊ မေ့ဆေးပညာ၊ သားဖွားနှင့် မီးယပ်ပညာ၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ၊ ခါတ်မှန်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါကုပညာ၊ အရေးပေါ်ကုသမှု ဆေးပညာတို့မှ ပါမောက္ခ/ ဌာနမှူးများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကုသရေးနှင့် ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာ ကော်မတီ၏ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာတစ်ဝန်းတွင် နောက်ဆုံးပေါ် ကုသမှုကုထုံးများနှင့် ရောဂါရှာဖွေစစ်ဆေးရေးဆိုင်ရာ၊ ဆေးဝါးနှင့် ပစ္စည်းကိရိယာများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ သုတေသနတွေ့ရှိချက်များကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ တိုက်နယ်ဆရာဝန်၊ မြို့နယ်ဆရာဝန်နှင့် လက်ထောက်ဆရာဝန်များ၊ ကုသမှုအထောက်အကူပြုပညာရှင်များ လေ့လာသိရှိနိုင်ရန်နှင့် ကျန်းမာရေးလောက ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း၊ စဉ်ဆက်မပြတ် ဆေးနှင့် ဆေးနှီးနွှယ်ပညာသင်ကြားရေး၊ ပညာရပ်ပိုင်းဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် စဉ်ဆက်မပြတ် ဆေးနှင့် ဆေးနှီးနွှယ်သင်ကြားမှုများ ပြုလုပ်နိုင်ရန်အတွက် ခေတ်မီအင်တာနက်ကွန်ရက်အသုံးပြု သင်ကြားသင်ယူမှု (E-Learning) ပုံစံအသုံးပြုကာ ပိုမိုအားဖြည့် ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် "ဆေးနှင့် ဆေးနှီးနွှယ်ပညာ စဉ်ဆက်မပြတ် သင်ကြားမှုဆိုင်ရာ အင်တာနက်စာမျက်နှာ"တစ်ခုကို သီးသန့်အမြန်ဆုံး ထူထောင်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ အင်တာနက်စာမျက်နှာတွင် ဆေးနှင့် ဆေးနှီးနွှယ်ပညာဘာသာရပ်အလိုက် အခန်းများ ပြုလုပ်ထားမည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ဟောပြောပို့ချမှုရုပ်သံဗီဒီယိုများ၊ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ၊ စာအုပ်စာတမ်းများကို ထုတ်လွှင့်ဖော်ပြထားမည်ဖြစ်ရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများသာမက နိုင်ငံတစ်ဝန်းရှိ ဆေးနှင့် ဆေးနှီးနွှယ်ပညာရှင်များအားလုံးအနေဖြင့် အချိန်မရွေး ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အင်တာနက်ကွန်ရက်ကို အသုံးပြုကာ "မိမိကိုယ်တိုင် စိတ်ကြိုက်အချိန်တွင် လေ့လာလိုသည့် သင်ခန်းစာအား လေ့လာသင်ယူနိုင်သော သင်တန်းများ" နှင့် "သတ်မှတ်အချိန်၊ အစီအစဉ်အတိုင်း တက်ရောက်ရသည့် သင်တန်းများ"ကိုလည်း ပို့ချပေးသွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ယခုနှစ်ဘဏ္ဍာငွေအား ငွေကျပ် ၉၈ ဘီလီယံ လျာထားမည်ဖြစ်သည့်အတွက် ယခင်နှစ်ကထက် ငွေကျပ် ၄၃ ဘီလီယံ တိုးမြှင့်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်စဉ်ကာလအတွင်း ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်သလို မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ တက္ကသိုလ်များအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ၊ ကျွမ်းကျင်မှုမြင့်မားသည့် ပညာရှင်များအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ပေးအပ်ရန်အတွက်လည်း စဉ်းစားဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ မကြာခင်က အသစ်ခန့်အပ် တာဝန်ပေးခဲ့သော လက်ထောက်ဆရာဝန်သစ်လွင် ၃၈၂ ဦးအတွက် မွမ်းမံသင်တန်းများကိုလည်း အမြန်ဆုံး ပြုလုပ်စေလိုပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်မှုများအတွက် သက်ဆိုင်ရာ ဘာသာရပ်၏ ပါမောက္ခ/ ဌာနမှူးများက ဦးဆောင်ပြီး အားလုံးစုစည်းညီညွတ်စွာဖြင့် ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကုသရေးနှင့် ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာ ကော်မတီ၏ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာမိုးခိုင်က ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ရှမ်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦးနှင့်အတူ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (အောင်ပန်း)ရှိ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၁၀ ရက်တွင် အောင်ပန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး အောင်ပန်းနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းအသစ်ကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဒေသခံလူငယ်များအတွက် ခေတ်စနစ်နှင့် လျော်ညီသည့် မော်တော်ယာဉ်နှင့် စက်ပြင်သင်တန်း၊ ပန်းရန်လက်သမားသင်တန်း၊ လျှပ်စစ်နှင့် အဲကွန်းပြင်သင်တန်း၊ ဂဟေသင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများ သင်ကြားလေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားရာတွင် အဆင့်မီ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြင့် ကျွမ်းကျင်ဆရာများဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေး လိုအပ်သည်များကို ပြည့်စုံအောင်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ TVET ပညာရပ်များသည် အမှန်တကယ်သာ တတ်ကျွမ်းနားလည်ပါက ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် တန်ဖိုးမြင့်ပညာရပ်ပင်ဖြစ်ကြောင်း၊ အဆိုပါ သင်ထောက်ကူပစ္စည်းများကို စွမ်းအားပြည့် ကိုင်တွယ်လေ့ကျင့်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာနည်းပြများ၏ သင်ကြားနည်းစနစ်နှင့် အရည်အသွေးများကိုလည်း မြှင့်မားစေရေး ဌာနတွင်း စွမ်းရည်မြှင့်သင်တန်းများ ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားခဲ့ပြီး သင်တန်းကျောင်းဝင်းအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုနှင့် သင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၁၁ ရက်တွင် ပင်းတယမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ရောက်ရှိပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပေးကာ သင်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းသားအိပ်ဆောင်၊ ကျောင်းသူ အိပ်ဆောင်များနှင့် စားရိပ်သာတို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Covid-19 ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပင်းတယမြို့နယ် ကူးကော်-ရေချမ်းစင် (၃/၀) မိုင် ကျောက်ခင်းခြင်း၊ ကုန်းသာ-ပဲယင်းတောင် (၄/၂) မိုင် အပြီးသတ်မြေလမ်း ဖောက်လုပ်ခြင်း၊ ရွာင်မြို့နယ် ရေချမ်းပြင်-ကျောက္ကူတိ (၅/၅) မိုင် မြေလမ်းပေါ်ရှိ (၃/၃)မိုင် ကျောက်ခင်းခြင်း လုပ်ငန်းခွင်များသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ကာလအတွင်း ကန့်သတ်ချက်များရှိခဲ့သော်လည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်သည့် အနေအထားကို တွေ့ရှိရပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့၏ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ တိတိကျကျလိုက်နာပြီး မိမိတို့ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို စနစ်တကျစဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန်၊ မိမိတို့ဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူပူးပေါင်း၊ တွဲဖက်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံတော်ခွင့်ပြုရန်ပုံငွေနှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ ပြည့်မီရေး၊ အချိန်မီပြီးစီးရေးတို့ကို အလေးထား ဆောင်ရွက်ပေးကြရန်၊ ဒေသခံပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများ ပြီးစီးပါက ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပူးပေါင်းပါဝင်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဩဂုတ် ၁၂

မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို Covid-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) ထောက်ပံ့မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်နှင့် တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသနေတောင်သူများ တက်ရောက်ကြသည်။

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသနေတောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး မျိုးစေ့ထုတ်တောင်သူများကိုယ်စား တောင်သူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်သည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် သဘော့ငူကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ရေသန့်စင်စနစ် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က စီမံကိန်းကျေးရွာများ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း Type(1) Type(2) အဆင့်များခွဲ၍ သောက်သုံးရေဖူလုံရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရေသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို လည်းကောင်း၊ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Cash For Work (CFW) စီမံကိန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရေသန့်အား FDA ၏ ထောက်ခံချက်ရရှိမှုနှင့်အတူ ရေရှည်တွင်လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေဖူလုံစွာထုတ်လုပ်ပေးနိုင်ရေး အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်ရန်၊ CFW စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ဌာနတာဝန်ရှိသူများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာ၌ CERP အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Cash For Work (CFW) စီမံကိန်းဖြင့် မြေရောကျောက်ရောလမ်းခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က CFW စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေမှုများနှင့် အဆင်ပြေစွာသွားလာနိုင်ရေး ဆောင်ရွက်မှုများ၊ ကျေးရွာအလိုက် စီမံကိန်းလုပ်ငန်းများ လျင်မြန်စွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့် ကျေးရွာတွင် CERP ဖြင့် ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းစုံစမ်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရွာစည်ကျေးရွာအုပ်စု ရွာစည်ကျေးရွာ မြင်းခြံ- ညောင်ဦးကားလမ်းဘေးရှိ သုသာန်အဖြစ် အသုံးပြုထားသော မြေဧရိယာ ၁ ဒသမ ၄၈ ဧကနှင့် စပ်လျဉ်း၍ လယ်ယာမြေအငြင်းပွားခဲ့မှုအပေါ် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက် တာဝန်ခံမိတ္တူမှန်ကို တင်ပြတောင်းခံခဲ့သော်လည်း မရရှိသဖြင့် တိုင်တန်းသူတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားနိုင်မည့် ဥပဒေပါ အခွင့်အရေး ဆုံးရှုံးနေရကြောင်းဟုဆိုကာ ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ မြင်းခြံမြို့သို့ သွားရောက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် တိုင်တန်းသူ(ပါ) လေးဦးတို့ကိုလည်းကောင်း၊ ဩဂုတ် ၁၁ ရက်နှင့် ၁၂ ရက် များတွင် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများကိုလည်းကောင်း မေးမြန်းမှတ်တမ်းတင်ခဲ့ခြင်းနှင့် အချင်းဖြစ်မြေနေရာသို့ ကွင်းဆင်းကြည့်ရှုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)** စစ်ဆေးတွေ့ရှိချက်များကို အခြေခံ၍ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ကော်မရှင်သို့တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အကြိုညှိနှိုင်းအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဩဂုတ် ၁၂**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) အကြိုညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး တို့တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း (RCSS/SSA)၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း (ABSDF)၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ပဒိုစောတာဒိုမူး (KNU)၊ ဦးလှဌေး (ABSDF)၊ စောမြရာဇာလင်း (ALP)၊ ဒေါက်တာလျန်မှုန်းဆာခေါင်း (CNF)၊ ဆလိုင်းထလာဟေး(CNF)၊ စောစိန်ဝင်း (DKBA)၊ ပဒိုစောအယ်ကလူစေး (KNU)၊ စောကျော်ညွန့် (KNLA-PC)၊ ကြာဆော်လမွန်(LDU)၊ နိုင်အောင်မငေး (NMSP)၊ ခွန်မြင့်ထွန်း (PNU)နှင့် ဒေါက်တာစိုင်းဦး (RCSS/SSA) တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် NCA-S EAO ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက (၉) ကြိမ်မြောက် JICM အစည်းအဝေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို အနှစ်သာရပြည့်ဝပြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သုံးရက်တာကျင်းပခဲ့သည့် JICM အကြိုညှိနှိုင်းအစည်းအဝေးတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသည့် နှစ်ဖက်ခေါင်းဆောင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) အကြိုညှိနှိုင်းအစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

**အောင်မြင်သည့် ညှိနှိုင်းအစည်းအဝေး**

ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည့် (၉) ကြိမ်မြောက် JICM အစည်းအဝေး၏ အစည်းအဝေး အစီအစဉ်နှင့် ပြင်ဆင်မှုများကို ယခုအစည်းအဝေးတွင် ချမှတ်နိုင်သကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးညှိနှိုင်းပြင်ဆင်နိုင်ခဲ့ပါကြောင်း၊ သုံးရက်တာကျင်းပခဲ့သည့် JICM အကြိုညှိနှိုင်းအစည်းအဝေးသည် အောင်မြင်သည့် ညှိနှိုင်းအစည်းအဝေးဟု ဆိုနိုင်ပါကြောင်း။



သဘောတူညီချက်များရရှိနိုင်ရန် မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များအကြားနှင့် သက်ဆိုင်ရာ အစုအဖွဲ့များအကြား အကျေအလည် ဆွေးနွေးညှိနှိုင်းခဲ့ရပါကြောင်း၊ ရှဥ့်လည်းလျှောက်သာ၊ ပျားလဲစွဲသာဆိုသည့် စကားအရ ထိန်းညှိပေးရပါကြောင်း၊ နှစ်ဖက်အဖွဲ့၏ စိုးရိမ်ကြောင့်ကြမှုများ၊ ဝေါဟာရအသုံးအနှုန်းများနောက်ကွယ်က သဘောထားများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်ခဲ့ပါကြောင်း။

ဆွေးနွေးညှိနှိုင်းရာတွင် ဆွေးနွေးဖော်ဆွေးနွေးဖက်များအတွက် Win-Win Solution ဖြစ်စေမည့် ရလဒ်ထွက်ပေါ်ရေး စိတ်ရှည်လက်ရှည်နှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့အားလုံးသည် မိမိတစ်ဦး၊ မိမိတစ်ဖွဲ့တည်း၏ ကောင်းကျိုးကိုသာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အားလုံးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုကောင်းကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်ကို နှလုံးသွင်းထားပြီး ဆွေးနွေးညှိနှိုင်းခဲ့၍ ယခုကဲ့သို့ ရလဒ်ကောင်းများကို ယူဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များကို မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုပါကြောင်း၊ အပြုသဘောဆောင်သည့် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ဘေးရောဂါသည် ကမ္ဘာအနှံ့အပြားတွင် အရှိန်အဟုန်ပြင်းပြင်းနှင့် ကူးစက်ပျံ့နှံ့နေဆဲဖြစ်ပြီး ယခုအချိန်အထိ ထိန်းချုပ်နိုင်ရန် နည်းလမ်းရှာနေဆဲဖြစ်၍ အားလုံး ကျန်းမာရေး လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် သွားလာနေထိုင်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးရန် အချက်များ မများသော်လည်း ဖက်ဒရယ်ရှေ့လုပ်ငန်းစဉ်များ၊ အခြေခံလမ်းညွှန်များ၊ အရေးကြီးကိစ္စရပ်များဖြစ်သည့် အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များဘက်မှလည်း အဖွဲ့အားလုံး၏ သဘောတူညီချက်ရယူရခြင်းဖြစ်သည့်အတွက် တချို့အချက်များသည် လတ်တလောဆုံးဖြတ်ချက်ချရန်နှင့် သဘောတူညီချက်ရယူရန် အချိန်အနည်းငယ်လိုအပ်ပါကြောင်း၊ သို့သော်လည်း အချက်အလက် တော်တော်များများကို သဘောတူညီချက် ရယူနိုင်ခဲ့ပါကြောင်း၊ လတ်တလော သဘောတူညီမှုမရရှိသေးသည့် အချက်များကို ဆက်လက်ဆွေးနွေးပြီး နားလည်မှုများရရှိသည့်အခါ သဘောတူညီမှု ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ သဘောတူညီမှုရသည့် အချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အစိတ်အပိုင်း (၃) အဖြစ် ချုပ်ဆိုနိုင်ရန်အတွက် JICM နှင့် UPDJC အစည်းအဝေးများတွင် ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

**သဘောတူညီမှုရရှိခဲ့**

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် လက်မှတ်ရေးထိုးချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ် အပိုင်း (၃) ပိုင်းဖြစ်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၅) ချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၏ ခေါင်းစဉ်ကြီး (၈)ခုနှင့် ဆက်လက်ညှိနှိုင်းရမည့် နှစ်ဖက်အဆိုပြုခေါင်းစဉ်ခွဲများနှင့် အပိုင်း(၃) ဖက်ဒရယ်အခြေခံမူသဘောတူညီချက် (၅) ချက် စသည်တို့ကို သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် NCA-S EAO ကိုယ်စားလှယ် နိုင်အောင်မငေး တို့သည် မီဒီယာများနှင့်တွေ့ဆုံပြီး အစည်းအဝေးရလဒ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ၎င်းတို့၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ (ဝဲပုံ)

**သတင်း-ထွန်းဝင်းနိုင်၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ-ထိန်နန်နေ>်**

*စာမျက်နှာ ၆ မှ*

စာအုပ်အဖုံး၊ မာတိကာ၊ သမိုင်းအကြောင်း၊ နည်းစနစ်ပိုင်းဆိုင်ရာ သင်ခန်းစာ၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ၊ ပြုစုသူ၊ မှီငြမ်းစာအုပ်များကို တစ်ပြေးညီဖြစ်စေရေးကိစ္စရပ်များကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လက်ရွေးစင်အဆင့်နှင့်အထက် သင်ရိုးညွှန်းတမ်းများပါဝင်နေသည့်ကိစ္စ၊ ရုံးလုပ်ငန်းကိစ္စများနှင့် ဘဏ္ဍာရေးကိစ္စများ ကျွမ်းကျင်ရေးအတွက် သင်တန်းများဖွင့်လှစ်ရေးကိစ္စ၊ လေ့ကျင့်ရေး Center အနီးတွင်လည်း စာကြည့်တိုက်များပြုလုပ်မည့်ကိစ္စ၊ အားကစားအဖွဲ့ချုပ်အလိုက် Logo တစ်မျိုးစီဖြစ်နေသည့်အတွက် တစုတစည်းတည်းဖြစ်ရန် ကိစ္စရပ်များကို လည်းကောင်း။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ကျောင်းသားများအနေဖြင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ထည့်သွင်းစဉ်းစားရမည့်ကိစ္စ၊ Logo ကိစ္စကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက သင်ရိုးညွှန်းတမ်းများ ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်၊ သင်ရိုးညွှန်းတမ်း ပထမသုံးလပို့ချရာတွင် သရုပ်ပြနှင့် လက်တွေ့တို့တွင် ရှိသင့်သည့် ရာခိုင်နှုန်း၊ ယခု သင်ရိုးညွှန်းတမ်းသည် နည်းစနစ်မှူး သင်တန်းများနှင့် ကိုက်ညီမှုရှိသည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်က သင်ရိုးညွှန်းတမ်း Logo ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးကာ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများက မိမိတို့ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စတင်ကစားခဲ့သော ကလေးများအနေဖြင့် အောက်ခြေတွင် (အခြေခံအားကစားနည်း)များကို နားလည်ကျေညက်ခဲ့မှသာ အားကစားနှင့် ကာယပညာသိပ္ပံများအတွက် အဆင်ပြေမည်ဖြစ်ပါကြောင်း၊ အားကစားကွင်း/ရုံများနှင့် နီးစပ်သူများသည် အားကစားတွင် ထူးချွန်ထက်မြက်သူများ ဖြစ်လာနိုင်ပါကြောင်း၊ နည်းပြများ၏ ကဏ္ဍသည်လည်းအရေးကြီးပါကြောင်း၊ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းများအနေဖြင့် အားကစားသိပ္ပံများ၏ သင်ရိုးညွှန်းတမ်းများကို အောက်သက်ကျေရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသိပ္ပံသို့ပို့ဆောင်ရာတွင် အခြေခံကျေညက်ပြီးသည့် ကစားသမားဆိုပါက ပိုမိုကောင်းမွန်နိုင်မည်ဖြစ်ပါကြောင်းနှင့် သင်ရိုးညွှန်းတမ်းတွင် ပုံများဖြင့်လည်း သင်ကြားသင့်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ဆက်လက်၍ ဆေးပညာနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များက ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နေမှု၊ ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်များ၊ ရေရှည်ကာလတွင် စနစ်တစ်ရပ်ဖော်ဆောင်၍ လုပ်ဆောင်သွားရန် အကြံပြု တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဆေးပညာနှင့် ဆေးပညာနီးနွယ်ပါမောက္ခ/ ဌာနမှူးများက ဘာသာရပ်အလိုက် ဟောပြောပို့ချမှု ရုပ်သံဗီဒီယိုများ ရိုက်ကူးထားရှိမှုများ၊ လုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ထုံးလုပ်နည်းများ ပြုစုဖြန့်ဝေထားရှိမှုများ၊ နေရာဒေသအလိုက်၊ ဘာသာရပ်အလိုက် ဦးစားပေးဆောင်ရွက်ရန် သင်တန်းများ၊ အဆင့်အဆင့် လူနာညွှန်းပို့ကုသမှု (referral) စနစ် လုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ထုံးလုပ်နည်းများကို ပို့ချရန်၊ လုပ်ငန်းဆောင်ရွက်မှု စောင့်ကြည့်ဆန်းစစ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ရန်အတွက် ကွန်ရက်အဖွဲ့(consultation network) ဖွဲ့စည်းရန်၊ အင်တာနက်ကွန်ရက်အသုံးပြုသင်တန်းနှင့် လက်တွေ့သင်တန်းများအတွက် သင်ကြားသင်ယူမှု နည်းဗျူဟာနှင့် နည်းစနစ်များ၊ သင်ကြားသင်ယူမှုပြီးနောက် အသုံးချဆောင်ရွက်မှုကို ဆန်းစစ်အကဲဖြတ်ခြင်း စသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကုသရေးနှင့် ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှု ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီထံသို့ လှူဒါန်းသည့် အလှူရှင်များ၏ လှူဒါန်းမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်းမှု အခမ်းအနားတွင် UNHCRမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ သန်းတန်ဖိုးရှိ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေး၊ ဆေးပစ္စည်းနှင့် စက်ကိရိယာပစ္စည်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တစ်ဆင့် အမေရိကန်နိုင်ငံ ကြက်ခြေနီအသင်းက တစ်ကိုယ်ရေရောဂါ ကာကွယ်ရေးဝတ်စုံ ၆၀၀ နှင့် အသက်ရှူ အထောက်အကူပြုကိရိယာသုံးခု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒေါ်ခင်လေးညိုနှင့် ငွေစာရင်းမိသားစုက ငွေကျပ် ၁၃၆၀၀၀နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒေါ်မြတ်နီလာက ငွေကျပ် ၅၀၀၀၀ တို့အား လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၂၀ ပြည့်နှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၁ / ၂၀၂၀)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး၏ ၁၄-၁-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်အသစ် စတင် တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ ကော်မရှင်ဥပဒေ ပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်း စောင့်ရှောက်ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသား ချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန်အတွက် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများကို လျာထားချက်များ ရေးဆွဲ၍ ကြည့်ရှုစစ်ဆေးလျက် ရှိပါသည်။

၂။ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင် ဥပဒေ ပုဒ်မ ၄၄ ပါ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအတွင်းရှိ နေရာများ၊ အကျဉ်းသား၊ အချုပ်သားများ၏ အသုံးအဆောင်များ ကြည့်ရှုစစ်ဆေးခြင်းများအပြင် အကျဉ်းသား၊ အချုပ်သားများကို လွတ်လပ်စွာသီးခြားတွေ့ဆုံမေးမြန်းခြင်း များပါ ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြား ဆောင်ရွက်လျက်ရှိပါသည်။

၃။ ကော်မရှင်အသစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ အကျဉ်းထောင် (၁၀) ခု၊ အကျဉ်းစခန်း (၈) ခု၊ ရဲစခန်းအချုပ်ခန်း (၈) ခု၊ တရားရုံးအချုပ်ခန်း (၇) ခုနှင့် ဆေးရုံအချုပ်ခန်း (၅) ခုတို့ကို အောက်ပါ အတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) ဇန်နဝါရီလ ၂၇ ရက်နေ့မှဖေဖော်ဝါရီလ ၁ ရက်နေ့အထိ မန္တလေး ဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်၊ ထုံးဘို-ကျား (၁)၊ ထုံးဘို-ကျား (၂)၊ ထုံးဘို-မ၊ ၂၄ မိုင်၊ ဘုရားငါးဆူ ကုန်ထုတ် စခန်းများ၊ မိတ္ထီလာမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံး အချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်း၊

(ခ) ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပြည်အကျဉ်းထောင် နှင့် ပေါင်းတည်အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံး အချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ၊

(ဂ) ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဆားမလောက်စိုက်ပျိုးမွေးမြူ ရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊

(ဃ) မတ်လ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပူတာအိုအကျဉ်းထောင်၊ မြစ်ကြီးနားအကျဉ်းထောင်၊ ပူတာအိုနှင့် မြစ်ကြီးနားမြို့ များရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံ အချုပ်ခန်း၊

(င) ဇူလိုင်လ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ အင်းစိန်ဗဟိုအကျဉ်းထောင်၊

(စ) ဇူလိုင်လ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရမည်းသင်းအကျဉ်း ထောင်၊ နေပြည်တော် အချုပ်ထောင်၊ ကင်းသာ (၁) ကုန်ထုတ် စခန်း၊ ကင်းသာ (၂) ကုန်ထုတ်စခန်း၊ ပျဉ်းမနားမြို့မရဲအချုပ်ခန်း၊ ရမည်းသင်းမြို့မရဲစခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံ အချုပ်ခန်း၊

(ဆ) ဇူလိုင်လ ၂၃ ရက်နေ့တွင် သရက်အကျဉ်းထောင်၊ သရက်မြို့မ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း။

၄။ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများ ကြည့်ရှုစစ်ဆေးစဉ် အတွင်း ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူ (၃၆၁) ဦးကို အကျဉ်းဦးစီးဌာန ဝန်ထမ်းများ မရှိသည့်နေရာတွင် သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏ အခက်အခဲများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ တရားရေးဆိုင်ရာ တင်ပြချက်များ အပေါ် မှတ်သားစိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်း များ ပြုလုပ်ပေးခဲ့ပါသည်။

၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ် ခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၁ နှင့် အပိုဒ် ၄၂ ပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှု နှင့် စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် မြန်မာနိုင်ငံရဲလက်စွဲတွင် ပြဋ္ဌာန်း ထားသော အချက်များ"နှင့် ညီ/မညီ ကြည့်ရှုစစ်ဆေးရာ အောက်ပါ စစ်ဆေး တွေ့ရှိချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ပေးပို့အကြံပြုခဲ့ပြီး ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ကျန်းမာရေးဆိုင်ရာ | ၃၇ ချက် |
| (ခ) | ပညာရေးဆိုင်ရာ | ၁၀ ချက် |
| (ဂ) | အုပ်ချုပ်မှုဆိုင်ရာ | ၅၃ ချက် |
| (ဃ) | အကျဉ်းထောင်ပြောင်းရွှေ့လိုခြင်း | ၅ ချက် |
| (င) | သန့်ရှင်းရေးဆိုင်ရာ | ၁၃ ချက် |
| (စ) | ထောင်ဝင်စာတွေ့ဆုံမှု | ၈ ချက် |
| (ဆ) | အစားအသောက်ဆိုင်ရာ | ၆ ချက် |
| (ဇ) | စာကြည့်တိုက်ဆိုင်ရာ | ၁ ချက် |
| (ဈ) | အဆောက်အဦဆိုင်ရာ | ၁၁ ချက် |
| (ည) | အကျဉ်းသားမိသားစုနှင့် အဆက်အသွယ်ရလိုခြင်း | ၁ ချက် |
| (ဋ) | အယူခံဆိုင်ရာ | ၁ ချက် |
| (ဌ) | သောက်သုံးရေဆိုင်ရာ | ၁ ချက် |
| | **စုစုပေါင်း** | **၁၄၇ ချက်** |

၆။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် ယခင်ကြည့်ရှုစစ်ဆေးစဉ်က အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခြင်း၊ ယခုကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များကိုလည်း နောင်တွင် ပြန်လည်ကြည့်ရှုစစ်ဆေးပါက ပြီးစီးမှုကိုပြန်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်

# မြန်မာနိုင်ငံအတွက် အကောင်းဆုံးအသက်အာမခံလုပ်ငန်းဆု KBZ LIFE အား ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၂

**စင်ကာပူနိုင်ငံအခြေစိုက် Insurance Asia အဖွဲ့အစည်းက အာရှဒေသမှ နိုင်ငံအလိုက် အသက်အာမခံလုပ်ငန်းများအား အကောင်းဆုံး လုပ်ငန်းစွမ်းဆောင်ရည်ဆု Insurance Asia Awards 2020 များ ရွေးချယ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအတွက် "အကောင်းဆုံးအသက်အာမခံ လုပ်ငန်းဆု Domestic Life Insurer of the Year – Myanmar" ကို KBZ LIFE အသက်အာမခံလုပ်ငန်းကုမ္ပဏီမှ ရရှိခဲ့သည်။ ထိုဆုကို ဇူလိုင် ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက Video Conferencing ဖြင့် ပေးအပ်ချီးမြှင့်ခဲ့ပြီး KBZ LIFE အသက်အာမခံလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်နှင့် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးနေမျိုးအောင်တို့ လက်ခံရယူခဲ့သည်။** (အောက်ပုံ)



Insurance Asia Awards ကို KPMG, PwC, Ernst & Young နှင့် Milliman စသည့် ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းဆိုင်ရာ များကို လေ့လာဆန်းစစ်သည့် အဖွဲ့အစည်း ကြီးများ၏ အကြီးတန်းအရာရှိများ ပါဝင် သည့် ပူးပေါင်းအဖွဲ့မှ စောင့်ကြည့်အကဲဖြတ် ၍ ဆုများကို စိစစ်ရွေးချယ်ပေးအပ်ခြင်း ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ခံရခြင်းနှင့် ပတ်သက် ၍ KBZ LIFE အသက်အာမခံလုပ်ငန်းသည် မြန်မာနိုင်ငံအတွင်း အများပြည်သူတို့ လိုအပ် လျက်ရှိသော အသက်နှင့် ကျန်းမာရေး အာမခံအကာအကွယ်များကို အများဆုံးနှင့် အကောင်းဆုံး ထိရောက်စွာ ဝန်ဆောင်မှု ပေးနိုင်ခြင်း၊ အာမခံလျော်ကြေးများကိုလည်း လျင်မြန်မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခြင်း နှင့် မြန်မာနိုင်ငံ အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိရောက်ဆုံး ပံ့ပိုးပေးနိုင်ခြင်းတို့ကြောင့် ပေးအပ်ချီးမြှင့် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အကောင်းဆုံးအသက်အာမခံ လုပ်ငန်းအဖြစ် ရွေးချယ်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာ နိုင်ငံအာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ထိရောက်မှုအရှိဆုံးသော အသက် နှင့် ကျန်းမာရေးအာမခံ အမျိုးအစားများ ကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဖြင့် မြန်မာနိုင်ငံ အာမခံလုပ်ငန်း ကြီးကြပ် ရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း ပြောကြားသည်။

KBZ LIFE အသက်အာမခံလုပ်ငန်းသည် အများပြည်သူများ လိုအပ်လျက်ရှိသော အသက်အာမခံအမျိုးအစားများ၊ ကျန်းမာရေး အာမခံ အမျိုးအစားများအား မြန်မာနိုင်ငံ တစ်ဝန်း ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးလျက် ရှိကြောင်း သိရသည်။ **ကိုကျော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၂ – နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# နှံကောင်များနှင့် ပတ်သက်၍ အသိပေးကြေညာချက်

မြန်မာနိုင်ငံတွင် လက်ရှိကျရောက်လျက်ရှိသော နှံကောင်များမှာ ဒေသခံ နှံကောင်မျိုးစိတ် များဖြစ်သည့် ကော်ဖီနှံကောင် (Coffee Locust)၊ ဦးမှင်ရှည်နှံကောင်(long-horned grass hopper)၊ အရှေ့တိုင်း ရွှေ့ပြောင်းနှံကောင် (migratory locust)၊ ခြေနီနှံကောင် (red-legged locust) နှင့် လည်ချောင်းချွန်နှံကောင် (spur-throated locust)များ ဖြစ်ပါသည်။

အဆိုပါ နှံကောင်များမှာ ချုံပုတ်များ၊ သစ်တောပင်များ၊ စားကျက်မြက်ခင်းများတွင် အများဆုံးတွေ့ရှိရပြီး၊ သီးနှံပင်များတွင် ထူးခြားစွာ ကျရောက်ဖျက်ဆီးမှု မရှိကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်လများတွင် တိုင်းဒေသကြီး ပြည်နယ် (၁၀)ခု၏ မြို့နယ် (၃၂)မြို့နယ်ရှိ သီးနှံစိုက်ခင်းများ၌ ကျရောက်ခဲ့ရာတွင်လည်း စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်သည်အထိ သီးနှံများ ပျက်စီးမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

ရာသီဥတုပြောင်းလဲလာခြင်း၊ သစ်တောများပြုန်းတီးလာခြင်း၊ သဘာဝမိတ်ဆွေပိုးများ ပျက်သုဉ်းလာခြင်း၊ ပိုးကောင်များ နေထိုင်ရာပတ်ဝန်းကျင်တွင် လူနေအဆောက်အဦများ ဆောက်လုပ်နေထိုင်လာခြင်း စသည်တို့ကြောင့် နှံကောင်များ နေထိုင်မှုပုံစံ ပြောင်းလဲလာရခြင်း ဖြစ်ကြောင်း သုံးသပ်ရပါသည်။

ရာသီဥတုပူနွေးခြင်းသည် နှံကောင်များ လျင်မြန်စွာပေါက်ဖွားစေသကဲ့သို့ ယင်းတို့၏ အစားချေဖျက်နှုန်းကိုလည်း ကောင်းစေသဖြင့် အစာပိုမို စားသောက်သောကြောင့် အစာရှာဖွေရန် စိတ်အားထက်သန်စေပါသည်။ ယခုအခါ မိုးရာသီသို့ ကူးပြောင်းလာနေပြီဖြစ်၍ ကွင်းဆင်းတွေ့ရှိ ချက်များအရ နှံကောင်ကျရောက်မှု လျော့နည်းလာနေကြောင်း တွေ့ရပါသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများတွင် ကျရောက်လျက်ရှိသည့် ဖျက်အားပြင်း ကန္တာရ ကျိုင်း(နှံကောင်)များ၏ ဦးတည်ရာလမ်းကြောင်းမှာ မြန်မာနိုင်ငံသို့ မရောက်ရှိနိုင်တော့ကြောင်း ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (FAO)က ဖွဲ့စည်းထားသည့် ကန္တာရကျိုင်းကောင် စောင့်ကြည့်ရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရပါသည်။

လာအိုနိုင်ငံ၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ (ယူနန်ပြည်နယ်) တို့တွင် ကျရောက်လျက်ရှိသော အဝါရောင် ဆူးဝါးနှံကောင်များ Yellow-spined bamboo locust မှာ မြန်မာနိုင်ငံ၌ ကျရောက် ခြင်း မရှိသေးသော်လည်း အဆိုပါဒေသများနှင့် နီးစပ်သည့် နယ်စပ်တစ်လျှောက်ရှိ မြို့နယ် ကျေးရွာ စိုက်ကွင်းများတွင် ကင်းထောက်စောင့်ကြည့်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိ သူများနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တောင်သူများအနေဖြင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအတွက် အကူအညီ လိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေး ဦးစီးဌာနရုံးများ၊ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာ များရှိ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်စစ်ဆေး



**ဖျာပုံ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးညွန့်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်မိုးမိုးအေး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းငွေ၊ ဖျာပုံခရိုင် တရားသူကြီး ဒေါ်မိမိမော်နှင့် မြို့နယ်တရားသူကြီး ဒေါ်မွန်ရည်အေးတို့နှင့်အတူ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ်အကျဉ်းထောင်နှင့် မြို့မရဲစခန်းတို့ကို သွားရောက်စစ်ဆေးကြသည်။

ဖျာပုံအကျဉ်းထောင်မှူး ဦးဘိုငွေက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသူများ၊ အချုပ်ကျနေသူများနေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ/ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့် ရ/ မရ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ/ မရှိ၊ အစားအသောက် အာဟာရစားသုံးရခြင်း အခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရ/ မရ ကိစ္စနှင့် ပတ်သက်၍ မေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံမြို့မရဲစခန်း၊ ကျိုက်လတ်မြို့မရဲစခန်းအချုပ်ထောင်၊ ဒေးဒရဲမြို့မရဲစခန်းအချုပ်ထောင် **(အပေါ်ပုံ)** တို့သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းနိုင် (ပြန်/ဆက်)**

# မိုးကုတ်မြို့ကျောက်လုပ်ကွက်ဟောင်း ဂဲတွင်းလူးလက်ကြားတွင် လူနှစ်ဦး ပိတ်မိသေဆုံး

**မိုးကုတ် ဩဂုတ် ၁၂**

မိုးကုတ်မြို့နယ် ကပိုင်ကျေးရွာ အုပ်စု ကျောက်ပြသာဒ်ကျေးရွာ လုံလျှိုကျောက်မျက်တူးဖော်ရေးလုပ်ကွက်ဟောင်းတွင် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ဂဲတွင်းလူးလက်ကြားတွင် တွင်းသားအချို့ ပိတ်မိမှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ ကျောက်ဖျာကျေးရွာနေ ဦးသန်းဇော်ဦး၊ ဦးတိုင်းလုံ၊ ဦးညီလေး၊ ဦးစိုးရွှေ၊ ဦးထွန်းဝေ၊ ကိုပြည့်စုံနှင့် ဦးအိုက်လင်းတို့မှာ တွင်းအနက် ပေ ၂၅၀ ခန့်ရှိ လူးလက်ကြားတွင် ကျောက်မျက်ဝင်ရောက်တူးဖော်စဉ် တွင်း၏ဘေးဘက်မှ ရေ/ မုံနှင့် ကနယ်များ တွင်းပေါက်၍ ဝင်ရောက်ကျလာခဲ့ရာ ဦးသန်းဇော်ဦး၊ ဦးတိုင်းလုံ၊ ဦးထွန်းဝေ၊ ကိုပြည့်စုံနှင့် ဦးအိုက်လင်းတို့မှာ လွတ်မြောက်ပြန်ထွက်လာနိုင်ပြီး ဦးညီလေးနှင့် ဦးစိုးရွှေတို့ နှစ်ဦးမှာ မုံနှင့် ကနယ်များဖြင့် ပိတ်မိကျန်ခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြို့နယ်ဦးစီးမှူး ဦးနန္ဒထွန်းနိုင်ဦးစီး၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေး(မိုးကုတ်)အဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**



ကယ်ဆယ်ရေးဖွဲ့၏ ရှာဖွေမှုကြောင့် ပိတ်မိနေသည့် ဦးစိုးရွှေအား သေဆုံးလျက် ကနဦး ဖော်ထုတ်တွေ့ရှိခဲ့ပြီး ကျန်ဂဲလက်ကြားတွင် ပိတ်မိနေသူ ဦးညီလေးကိုလည်း သေဆုံးလျက် ဆက်လက်ဖော်ထုတ်ရရှိခဲ့သည်။

အဆိုပါ သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို မိုးကုတ်မြို့ အနောက်ပိုင်း ကျပ်ပြင် ပြည်သူ့ဆေးရုံမော်ကြူရီသို့ ပို့ဆောင်ထားကြောင်း သိရသည်။ **ဖြိုးမမ(မိုးကုတ်)**

## ဘားအံ၊ ဖောင်းပြင်၊ ကျိုက်ထိုနှင့် ပေါင်းလောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ ရက် ည ၁၀ နာရီက ဘားအံမြို့နယ် ဘင်ဂျီကျေးရွာအုပ်စု ဝါးဘိုးတောကျေးရွာ ဝါးဘိုးတောစစ်ဆေးရေးဂိတ်တွင် စိုင်းကျော်မိုး(ခ)ခန့်ကျော် မောင်းနှင်ပြီး လွန်းရွှေ၊ ဝင်းဝင်းမော်နှင့် မနန်းခရောင်း(ခ)အေးအေးမိုး တို့လိုက်ပါလာသည့် ဟိုက်ဂျက် အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၁၁ ရက် နံနက် ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖောင်းပြင်မြို့နယ် လွင်ကြီးကျေးရွာအုပ်စု၊ မြောက်လွင်-အင်ကုန်းကျေးရွာ ကားလမ်းတွင် တင်စိုးဦး (ခ) စိုးစိုးမောင်းနှင်ပြီး မောင်လင်း(ခ) ကိုလင်း လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၀ ကီလို၊ ဘိန်းဖြူ သုည ဒသမ ဝ၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၀ တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မရမ်းချောင်စစ်ဆေးရေးစခန်းအနီးရှိ ရော်ဘာခြံ၌ မဖြူအား ESTIMA အမျိုးအစား မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ကတာအမျိုးအစား မော်တော်ယာဉ်ဖြင့် စိုးမြင့်အား လည်းကောင်း တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၆၄၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၀၀၀၀ နှင့် ၎င်းတို့ထံမှ လက်ကိုင်ဖုန်း ငါးလုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ဩဂုတ် ၁၁ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၃၉) ရပ်ကွက်နေ ဇေယျာထွန်းအား ၎င်း၏ နေအိမ်၌လည်းကောင်း၊ ညပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၃) ရပ်ကွက်နေ ရဲထွဋ်ဦး (ခ)ဝမ်ရှု(ခ)ဂျွန်ဝိုင်းအား ၎င်း၏နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိသည်။

အလားတူ ဩဂုတ် ၁၀ ရက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ လိန်းလီကြိုးတံတားထိပ်တွင် ဘစံ မောင်းနှင်လာသည့် Mazada Bongo အမျိုးအစားမော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၉၇ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ကွန်လုံတံတားပေါ် ယာဉ်ဖြတ်စဉ် တံတားကျွံကျမှုဖြစ်

**နမ့်ခမ်း ဩဂုတ် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ကွန်လုံကျေးရွာအနီး နမ့်ခမ်း-ဗန်းမော်ကားလမ်းရှိ ကွန်လုံသစ်သားတံတားပေါ်တွင် ဩဂုတ် ၁၂ ရက် မွန်းတည့် ၁၂ နာရီခန့်က ယာဉ်မောင်း အိုက်ယီ မောင်းနှင်လာသော တရုတ်ယာဉ်နံပါတ်တပ်ဆင်ထားသည့် ယာဉ်သည် အဆိုပါတံတားကိုဖြတ်စဉ် တံတားပေါ်တွင် ခင်းထားသည့် နှစ်ပေခန့်ရှိ ဆက်ထားသော သစ်သား ရှစ်ချောင်းခန့် ကျိုးသွားပြီး ဝဲဘက်နောက်ဘီးကျွံကျကာ လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ယာဉ်ကျွံကျပြီး လမ်းပိတ်ဆို့မှုဖြစ်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်လင်းသိန်း၊ လမ်းဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်၊ နမ့်ခမ်းမြို့မရဲစခန်း ရွှေလီကြိုးတံတား ရဲကင်းမှူးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက သွားရောက်၍ ကျွံကျနေသောယာဉ်ကို ရှင်းလင်းဖယ်ရှားကာ ယာဉ်ပိတ်ဆို့နေမှုကို ရှင်းလင်းဆောင်ရွက်ခဲ့သည်။ ပျက်စီးကျွံကျသွားသောတံတားကို ယာဉ်မောင်း အိုက်ယီက လမ်းဦးစီးဌာနနှင့် ညှိနှိုင်းပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသဖြင့် ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝေမွန်(ရွှေရည်မြေ)**




### ● *ကျောဖုံးမှ*

ဟိုးဘတ်ကို အသင်းအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေပြီး ထိုအသင်းများထဲ ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းလည်း ပါဝင်ကြောင်း သိရသည်။ စပါးအသင်းသည် ဆောက်သမ်တန်အသင်းမှ ဟိုးဘတ်ကို ခေါ်ယူနိုင်ခဲ့ခြင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပထမဆုံးအကြိမ် ခေါ်ယူမှုလည်း ဖြစ်လာခဲ့သည်။

စပါးအသင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ဟိုးဘတ်က "ကျွန်တော်ကစားချင်ခဲ့တဲ့အသင်းမှ နှစ်ပေါင်းများစွာ ကစားခွင့်ရဖို့က ကျွန်တော့်အတွက် အရေးအကြီးဆုံးအချက်ပါ၊ အဲဒီအသင်းက စပါးအသင်းပါ" ဟု အသင်း ဝက်ဘ်ဆိုက်သို့ ပြောကြားသည်။

ဝေါ်ကာပီတာသည် ၂၀၁၇ ခုနှစ် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားဖိုလ်လုပွဲအဖြစ် အင်္ဂလန်ယူ-၂၀ အသင်းက ဗင်နီဇွဲလား ယူ-၂၀ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်၌ အင်္ဂလန်ယူ-၂၀ အသင်းတွင် ပါဝင်ကစားထားခဲ့ကြောင်း သိရသည်။ ဝေါ်ကာပီတာသည် ဘောလုံးပွဲစဉ်များ ပြန်လည်စတင်ပြီးနောက် ဆောက်သမ်တန်အသင်း ယှဉ်ပြိုင်ကစားခဲ့သည့် ကိုးပွဲစလုံးကို ပါဝင်ကစားခဲ့သူလည်းဖြစ်သည်။ ထိုကိုးပွဲတွင် အာဆင်နယ်တစ်သင်းကိုသာလျှင် ရှုံးနိမ့်ထားကြောင်း သိရသည်။ ထို့အပြင် ဆောက်သမ်တန်အသင်းကိုလည်း ပရီမီယာလိဂ်ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၁၁) နေရာတွင် ရပ်တည်နိုင်အောင် ကူညီ ပေးထားနိုင်ကြောင်း သိရသည်။

ဝေါ်ကာပီတာသည် ဆောက်သမ်တန်အသင်းသို့ အငှားမချမီတွင် စပါးအသင်းတွင် ပြိုင်ပွဲ အရပ်ရပ် ၂၄ ပွဲသာ ပါဝင်ကစားထားပြီး တစ်ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**အောင်ဇော်**

## ယူရိုပါလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံး အကြိုဗိုလ်လုပွဲတွင် ဆီဗီလာနှင့် မန်ယူတို့ တွေ့ဆုံ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်ကလပ်ဝုလ်နှင့် စပိန်ကလပ် ဆီဗီလာပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဆီဗီလာအသင်းအနိုင်ရရှိခဲ့သည်။

ယင်းပွဲ၌ ပွဲချိန် ၁၃ မိနစ်တွင် ဝုလ်အသင်း ပယ်နယ်တီအခွင့်အရေးရရှိခဲ့ရာ တိုက်စစ်မှူး ရာအူးကန်သွင်းသော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၈၈ မိနစ်တွင် ဘန်နီဂါ၏ ဖန်တီးမှုမှတစ်ဆင့် လူးကပ်စ်အိုကမ်ပို့စ်က ဆီဗီလာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ အခြားယူရိုပါလိဂ် ကွာတားဖိုင်နယ်ဖြစ်သော ရှက်တာဒိုးနက်ခ်နှင့် ဘေဆယ်လ်ပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် ရှက်တာဒိုးနက်ခ်အသင်းအနိုင်ရရှိခဲ့သည်။

ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲတွင် ဆီဗီလာအသင်းနှင့် မန်ယူအသင်းတို့ တွေ့ဆုံခဲ့ပြီး ဩဂုတ် ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး အင်တာနှင့် ရှက်တာဒိုးနက်ခ်တို့သည် ဩဂုတ် ၁၈ ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယူရိုပါလိဂ် ဗိုလ်လုပွဲကြီးကို ဩဂုတ် ၂၂ ရက် (စနေနေ့) နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယူရိုပါလိဂ်သမိုင်းတွင် ဆီဗီလာအသင်းသည် ဖလားငါးကြိမ်ရရှိထားသည့် အအောင်မြင်ဆုံး အသင်းဖြစ်ပြီး ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ ခုနှစ်တွင် သုံးနှစ်ဆက်တိုက်ရရှိထားသည့် မှတ်တမ်းကောင်းလည်း ရှိသည်။ မန်ယူအသင်းသည် ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်သာ ရရှိထားပြီး ရှက်တာဒိုးနက်ခ်သည်လည်း ၂၀၀၉ ခုနှစ်တွင် ဖလားတစ်ကြိမ် ရရှိထားသည်။ အင်တာက ဗိုလ်လုပွဲလေးကြိမ် တက်ရောက်ကာ ဖလားသုံးကြိမ် ရရှိထားပြီး လီဗာပူး၊ ဂျူဗင်တပ်စ်အသင်းတို့နှင့် ပူးတွဲရပ်တည်နေသည်။ **သီဟ**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# အစိုးရဆန့်ကျင်ဆန္ဒပြသူများက မာလီသမ္မတ ရာထူးမှဆင်းပေးရေး တောင်းဆိုမှုများ ပြန်လည်ပြုလုပ်

**ဘာမာကို ဩဂုတ် ၁၂**

အစိုးရဆန့်ကျင်ဆန္ဒပြသူထောင်ပေါင်းများစွာသည် ဩဂုတ် ၁၁ ရက်က မာလီရှိလမ်းများပေါ် ပြန်လည်ထွက်ပေါ်လာခဲ့ပြီး မပြီးဆုံးသေးသည့် သမ္မတအီဘရာဟင်ဘော်ဘာကာကီတာ ရာထူးမှဆင်းပေးရေး တောင်းဆိုမှုများကို ပြန်လည် တောင်းဆိုခဲ့ကြသည်။ သမ္မတကီတာ တာဝန်ယူစဉ်တွင် အကျင့်ပျက်ခြစားမှုများနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေးခြင်းတို့ကို ပြုလုပ်သည်ဆိုကာ စွပ်စွဲခဲ့ကြသည်။

ဆန္ဒပြသူများသည် မိုးများရွာနေသော်လည်း မြို့လယ်တွင်စုဝေးခဲ့ကြပြီး ပလတ်စတစ်ဘူဘူဇီလာဟွန်းများကို မှုတ်ကာ အစိုးရဆန့်ကျင်သည့် နဖူးစည်းစာတန်းကို ဝှေ့ယမ်းခဲ့ကြသည်။

မာလီမှာ တကယ့်ပြောင်းလဲမှုကို တွေ့ချင်ကြောင်း၊ သမ္မတဆင်းပေးဖို့လိုကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားလိုက်သည်။ အတိုက်အခံအုပ်စုသည် သမ္မတဆင်းပေးရေးဆန္ဒပြမှု၌ ယာယီငြိမ်းချမ်းရေး သဘောတူညီချက်ရရှိခဲ့သည့် ဇွန် ၅ ရက်လှုပ်ရှားမှု အထိမ်းအမှတ်အနေဖြင့် ဆန္ဒပြသူများ စုဝေးခဲ့ကြခြင်းဖြစ်သည်။

အတိုက်အခံအုပ်စုသည် အစိုးရ၏ အကျင့်ပျက်ခြစားခြင်းနှင့် မာလီ၏ ရှစ်နှစ်ကြာ ဂျီဟတ်ပဋိပက္ခများကိုလည်း သိမြင်သဘောပေါက်လာခဲ့ကြပြီး နိုင်ငံ၏စီးပွားရေး သေရေးရှင်ရေးဖြစ်နေသည့်အပေါ် စိတ်ဆိုးဒေါသထွက်မှုများ နက်နဲစွာ အမြစ်တွယ်ဖြစ်ပွားခဲ့သည်။

သမ္မတကီတာသည် အကျင့်ပျက်ခြစားခြင်းနှင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးသည့် နည်းလမ်းများကို အခြေခံကာ လူနည်းစုအသိုင်းအဝိုင်းကို ကိုယ်စားပြုသော အစိုးရစနစ်နှင့် ခနရှင်အစိုးရစနစ်ကို ကျင့်သုံးသောကြောင့် ယင်းက မာလီနိုင်ငံကို ဖျက်ဆီးနေခြင်းဖြစ်ကြောင်း အတိုက်အခံအုပ်စုက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

ယခုလိုမျိုး တိုက်ပွဲဝင်ခြင်းသည် မာလီနိုင်ငံကို ပြန်လည်ထိန်းသိမ်းရန်အတွက် ဖြစ်ကြောင်း၊ အကယ်၍ သမ္မတက မိမိတို့ပြောသလို မလုပ်ပါက မိမိတို့ ဘာလုပ်နိုင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အလျှင်လိုဖို့မလိုကြောင်းနှင့် မိမိတို့ အောင်ပွဲရလိမ့်မည်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင်သဖွယ် မှတ်ယူထားသည့် မာမွတ်ဒစ်ကိုက ပြောကြားလိုက်သည်။

အနောက်အာဖရိကနိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်းဆိုင်ရာညှိနှိုင်းရေးမှူး နိုင်ဂျီးရီးယား သမ္မတဟောင်း ဂွတ်လပ်ခ်ဂျွန်နသန်က ဆန္ဒပြသူများကို အိမ်တွင်း၌သာ



သမ္မတနုတ်ထွက်ပေးရေး ဆန္ဒပြနေသူများကို တွေ့ရစဉ်။

နေထိုင်ရန် တိုက်တွန်းပြောကြားလိုက်သော်လည်း ဆန္ဒပြသူများမှာ နားမထောင်ဘဲရှိသည်။

ဆန္ဒပြခြင်းဖြင့် ပြဿနာများကို မဖြေရှင်းနိုင်ကြောင်း ဂျွန်နသန်က ပြောကြားလိုက်ပြီး အတိုက်အခံခေါင်းဆောင်များကိုလည်း စကားဝိုင်းဆွေးနွေးပွဲသို့ ဝင်ရောက်ရန် တိုက်တွန်းပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

---



အီးယူကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗယ်ဒစ်ဒွန်ဘရော့စ်ကီး။

## ကိုဗစ်- ၁၉ ကို တိုက်ဖျက်ရာတွင် ကူညီမှုများလုပ်ဆောင်ရန် ဥရောပသမဂ္ဂမိတ်ဖက်ရှစ်နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ဘရပ်ဆဲလ် ဩဂုတ် ၁၂**

ဥရောပသမဂ္ဂ (အီးယူ)သည် ကိုဗစ် –၁၉ ရောဂါကြောင့် ကျဆင်းခဲ့သော စီးပွားရေးကိုကူညီရန် အီးယူမဟုတ်သော မိတ်ဖက်ရှစ်နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးရန် ဩဂုတ် ၁၁ ရက်က သဘောတူခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဩဂုတ် ၁၁ ရက်က အဆိုပါ နားလည်မှုစာချွန်လွှာကို အယ်လ်ဘေးနီးယား၊ ဂျော်ဂျီယာ၊ ဂျော်ဒန်၊ ကိုဆိုဗို၊ မော်လ်ဒိုဗာ၊ မွန်တီနီဂရိုး၊ မြောက်မက်ဆီဒိုးနီးယားနှင့် ယူကရိန်းနိုင်ငံတို့က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း အီးယူကော်မရှင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ၎င်းတို့ထဲက လေးနိုင်ငံဖြစ်သည့် ကိုဆိုဗို၊ မော်လ်ဒိုဗာ၊ မြောက်မက်ဆီဒိုးနီးယားနှင့် ယူကရိန်းတို့က အဆိုပါ နားလည်မှုစာချွန်လွှာကို ယခင်ကတည်းက လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိတ်ဖက်အဖွဲ့အစည်းတစ်ခုစီ၏ ငွေကြေးများသည် ပြည်သူ့ဘဏ္ဍာငွေ တိုးမြှင့်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍတွင် ကြံ့ကြံ့ခံခြင်း၊ အုပ်ချုပ်မှုပုံစံ တိုးတက်ကောင်းမွန်ရေး၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊ လူမှုရေးကာကွယ်မှုများ ပိုမိုတိုးမြှင့်ရေး၊ လူငယ်အလုပ်လက်မဲ့များ ကိုင်တွယ်ဖြေရှင်းရေးကဲ့သို့သော တိကျသောဆောင်ရွက်ချက်များနှင့် ဆက်နွယ်မှု ရှိနေသည်။

အီးယူကော်မရှင်က အဆိုပါနားလည်မှုစာချွန်လွှာသည် ယူရိုသုံးဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၂ ဘီလီယံ) တန်ဖိုးရှိသည့် ကူညီရေးအစီအစဉ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ နောက်ထပ် ၁၀ နိုင်ငံအထိ ထပ်မံတိုးချဲ့ချုပ်ဆိုနိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။ ကျန်ရှိနေသေးသည့် နှစ်နိုင်ငံဖြစ်သည့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေသကြီးတစ်ခုလုံး ရပ်ဝန်းကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရန် ယခုလို ကိုဗစ်– ၁၉ အကျပ်အတည်း ကျရောက်နေချိန်တွင် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများကို ကူညီထောက်ပံ့ရန် အရေးကြီးကြောင်း အီးယူကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ ဗယ်ဒစ်ဒွန်ဘရော့စ်ကီက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

---

# နိုင်ငံတကာအသိုင်းအဝိုင်းက လက်ဘနွန်နိုင်ငံကို ဂျုံများပေးပို့

**ဘေရွတ် ဩဂုတ် ၁၂**

မြို့တော်ဘေရွတ်တွင် လွန်ခဲ့သော သီတင်းပတ်က ကြီးမားသည့် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် နိုင်ငံတကာအသိုင်းအဝိုင်းက လက်ဘနွန်နိုင်ငံကို အရေးပေါ်ထောက်ပံ့ရေး ပစ္စည်းများဖြစ်သည့် ဂျုံမှုန့်များကို ပေးပို့လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဩဂုတ် ၄ ရက် ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၇၁ ဦး သေဆုံးခဲ့ပြီး ၆၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သလို တခြားလူ ၄၀ မှာလည်း စာရင်းပျောက်နေကြောင်း သိရသည်။ ဘေရွတ်ဆိပ်ကမ်းဖုံးပေါက်ကွဲမှုကြောင့် ဂျုံသိုလှောင်ထားသည့် နိုင်ငံ၏ အကြီးဆုံး သိုလှောင်ရုံကြီးလည်း ပျက်စီးခဲ့သည်။

အများပြည်သူ လက်ထဲတွင် ရှိသော ပုဂ္ဂလိက သိုလှောင်မှုများမှာလည်း သီတင်းခြောက်ပတ်အတွင်း ပြတ်လပ်သွားမည်ဖြစ်ကာ အစိုးရတွင်လည်း အရန်သိုလှောင်မှုများ မရှိကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဩဂုတ် ၁၁ ရက်က လက်ဘနွန်နိုင်ငံသို့ ဂျုံတန်ချိန် ၅၀၀၀၀ ပေးပို့လိုက်ကြောင်း ပြောကြားလိုက်သည်။ ပြင်သစ်ဂျုံစိုက်သူများနှင့် အခြားသူများ စုပေါင်းပြီး လက်ဘနွန်နိုင်ငံသို့ နောက်ထပ် တန်ချိန် ၂၅၀၀၀ ပေးပို့လိုက်ကြောင်း သိရသည်။

လက်ဘနွန်နိုင်ငံသည် တစ်လလျှင် ဂျုံစားနှုန်းတန် ၄၀၀၀၀ ခန့် ရှိကြောင်း သိရသည်။ အခြေခံစားသောက်ကုန်များ ပြတ်လပ်ခြင်းက ဈေးနှုန်းများကို ခေါင်ခိုက်စေကာ ယင်းက လွန်ခဲ့သော နှစ်စီးပွားရေးအကျပ်အတည်းမှ ရုန်းထွက်နေရသူများကို ဝန်ပိစေကာ အစိုးရဆန့်ကျင်မှုများကိုပါ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**


ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းကို တွေ့ရစဉ်။

---

# နယူးယောက်မြို့တွင် ကုမ္ပဏီကြီး ၂၀ ကျော်က လာမည့် ၂၀၃၀ မတိုင်မီ အလုပ်အကိုင်ပေါင်း ၁၀၀၀၀၀ ဖန်တီးပေးမည်

**နယူးယောက် ဩဂုတ် ၁၂**

နယူးယောက်မြို့တွင် ကုမ္ပဏီကြီး ၂၀ ကျော်က လာမည့် ၂၀၃၀ မတိုင်မီ အလုပ်အကိုင်ပေါင်း ၁၀၀၀၀၀ ဖန်တီးပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကိုဗစ် – ၁၉ ၏ ရိုက်ခတ်မှုမျိုးစုံကို ခံစားနေရသည့် ဝင်ငွေနည်းအလုပ်သမားများအတွက် အခွင့်အရေးများ ဖန်တီးပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။

ကုန်သွယ်ရေး ခေါင်းဆောင်များက ပူးတွဲကြေညာချက်တစ်စောင်ကို ဩဂုတ် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီး အဆိုပါကြေညာချက်တွင် ဆင်းရဲသားနှင့် ချမ်းသာသူများအကြား ကွာဟချက်ကို ကျဉ်းမြောင်းအောင် လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်းလည်း ဖော်ပြလိုက်သည်။

ထို့အပြင် အလုပ်အကိုင်လေ့ကျင့်မှုများကို နယူးယောက်တက္ကသိုလ်နှင့်ပူးပေါင်း၍ သင်တန်းပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ကြီးက ပြောကြားလိုက်သည်။

နယူးယောက်စီးတီးတွင် ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အသွားအလာကန့်သတ်ပိတ်ဆို့ခြင်း အပါအဝင် စီးပွားရေးဆောင်ရွက်ချက်များအပေါ် တင်းကျပ်သည့်ကန့်သတ်ချက်များ ချမှတ်ထားသည်။

ဇွန်လက အမေရိကန်အလုပ်လက်မဲ့နှုန်း ၁၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် နယူးယောက်နှင့် အခြားအိမ်နီးချင်း ပြည်နယ်နှစ်ခုသည် အဆိုးဆုံးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**


နယူးယောက်အလုပ်အကိုင်အမှုဆောင်အရာရှိများကောင်စီမှ ဂီးလ်အိုမယ်လို

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုနှုန်း မြင့်မားနေဆဲဖြစ်


အိန္ဒိယနိုင်ငံတွင် ပြည်သူများအား အပူချိန်တိုင်းတာမှု ဆောင်ရွက်နေစဉ်။

နယူးဒေလီ ဩဂုတ် ၁၂

**အိန္ဒိယနိုင်ငံတွင် ဩဂုတ် ၁၂ ရက်က ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၅၃၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၂ ဒသမ ၂၇ သန်းနီးပါး ဖြစ်လာခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၄၅၀၀၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။**

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်မှစတင်ကာ နေ့စဉ်နေ့တိုင်း လူ ၅၀၀၀၀ ကျော် ရောဂါကူးစက်ခံရလျက်ရှိသည်။ ရောဂါကူးစက်မှု တိုးပွားလာသည့်နှုန်းသည် တစ်ကမ္ဘာလုံးတွင် အမြင့်ဆုံးဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၏ နေ့စဉ်ရောဂါကူးစက်မှု ဖြစ်ပွားသည့် ပမာဏထက်ပင် ကျော်လွန်ခဲ့သည်။

မူလက ရောဂါကူးစက်ဖြစ်ပွားမှုအများစုမှာ မြို့တော် နယူးဒေလီနှင့် မွမ်ဘိုင်းမြို့များတွင်သာ ကူးစက်ဖြစ်ပွားခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများ ပြန်လည်ဖွင့်လှစ်လိုက်ခြင်းက အိန္ဒိယတစ်နိုင်ငံလုံးအထိ ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့သွားစေခဲ့ဟန်ရှိကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။

ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများ ဆိုးရွားလျက်ရှိသော်လည်း အိန္ဒိယအစိုးရက နိုင်ငံ့စီးပွားရေး ပြန်လည်ထူထောင်နိုင်ရေး ဦးစားပေး လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံး အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုပြန်လည်ချမှတ်လိုခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ နိုင်ငံ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်က ရောဂါဖြစ်ပွားမှုအခြေအနေကို ကိုင်တွယ်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်မည်

ဆိုးလ် ဩဂုတ် ၁၂

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် လာမည့်ဩဂုတ် ၁၆ ရက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်တော့မည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန သတင်းရင်းမြစ်တစ်ခုက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံ ပူးတွဲစစ်ဦးစီးချုပ်ရုံးက ပူးတွဲစစ်ရေးလှုပ်ရှားမှုအတွင်း လေ့ကျင့်ရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်ဝစေရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း အဆိုပါသတင်းရင်းမြစ်က ပြောသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ဩဂုတ် ၂၈ ရက် မတိုင်မီအထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် စစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမရှိသေးသော်လည်း ကွန်ပျူတာလှုံ့ဆော်မှုဖြင့် စစ်ရေးညွှန်ကြားသည့် လေ့ကျင့်မှုကို အလေးထားလုပ်ဆောင်သွားဖွယ်ရှိကြောင်း ခန့်မှန်းရသည်။ ကိုဗစ်–၁၉ ကပ်ရောဂါကျရောက်မှုကြောင့် အမေရိကန်နှင့် ဂျပန်တို့တွင် အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန်ခက်ခဲသည့်အခြေအနေကြောင့် စစ်ရေးလှုပ်ရှားမှုများကို လျှော့ချလုပ်ဆောင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံပိုင် ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို နွေရာသီအချိန် နှစ်စဉ်ပုံမှန်ပြုလုပ်မြဲဖြစ်သော်လည်း ယခုနှစ်တွင် နှစ်ဖက်စလုံးမှ တပ်ဖွဲ့ဝင်များအကြား ကိုဗစ်– ၁၉ ကူးစက်မှုကြောင့် ရပ်ဆိုင်းထားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားကထုတ်သည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အီရတ် စိတ်ဝင်စားမှုရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံတွင် ဩဂုတ် ၁၂ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၃၃၉၆ ဦး ပေါ်ထွက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး ရုရှားနိုင်ငံမှထုတ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို နိုင်ငံတကာက အသိအမှတ်ပြုပြီးလျှင် ယင်းကာကွယ်ဆေးကို အလုံအလောက်ရရှိလိုကြောင်း အီရတ်ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။


ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဂါမာလီယာ သုတေသနစင်တာမှ ထုတ်လုပ်လိုက်သည့် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ပြသနေစဉ်။

အီရတ်ကျန်းမာရေး အာဏာပိုင်များသည် ကိုဗစ်– ၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး နိုင်ငံတကာ၏ကြိုးပမ်းမှုကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဌာန အကြီးအကဲ ရီယက် အဗ္ဗဒူလ်အမီယာက သတင်းစာရှင်းလင်းမှုအတွင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ပထမဆုံးသော ကိုဗစ် – ၁၉ ကာကွယ်ဆေးကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ကြေညာလိုက်ပြီးနောက်တွင် အဗ္ဗဒူလ်အမီယာက စိတ်ဝင်စားမှုရှိကြောင်း ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံတွင် ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ၃၃၉၆ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း ၁၅၆၉၈၅ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

မကြာသေးမီက အီရတ်နိုင်ငံသည် ဗိုင်းရပ်စ် စစ်ဆေးသည့် ကိရိယာပေါင်း ၁၁၈၃၉၅၀ အထိ အသုံးပြုခဲ့ကြောင်း သိရသည်။ ရောဂါကူးစက်မှုကြောင့် ၆၇ ဦး ထပ်မံသေဆုံးခဲ့ပြီး သေဆုံးသူ အရေအတွက် စုစုပေါင်း ၅၅၃၁ ဦး ဖြစ်လာခဲ့သည်။

ကိုဗစ်– ၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှ စတင်ကာ အီရတ်နိုင်ငံသည် ဗိုင်းရပ်စ်ထိန်းချုပ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည်။

**အေအက်ဖ်ပီ**

## နယူးဇီလန်နိုင်ငံ၌ ကိုဗစ် - ၁၉ ပြန်လည်ကူးစက်နေမှုကြောင့် ရွေးကောက်ပွဲကျင်းပမည့်ရက် ရွှေ့ဆိုင်းဖွယ်ရှိ

ဝယ်လင်တန် ဩဂုတ် ၁၂

နယူးဇီလန်နိုင်ငံတွင် ကုန်တင်သင်္ဘောများ ဆိုက်ရောက်မှုမှတစ်ဆင့် နိုင်ငံအတွင်းသို့ ကိုဗစ်– ၁၉ ထပ်မံဝင်ရောက်လာနိုင်မှုကို ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးလျက်ရှိရာ ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်က မကြာမီ ကျင်းပမည့် နယူးဇီလန်ရွေးကောက်ပွဲကို အချိန်ရွှေ့ဆိုင်းရန် ဩဂုတ် ၁၂ ရက်တွင် အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။


နယူးဇီလန်ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်

နိုင်ငံအတွင်းရှိ အကြီးဆုံးမြို့ဖြစ်သည့် အောက်ကလန်တွင် ရောဂါကူးစက်ခံရသူ လေးဦးကို ထပ်မံတွေ့ရှိခဲ့ရပြီး စုစုပေါင်း ထပ်မံကူးစက်ခံရသူ ရှစ်ဦးအထိ ဖြစ်လာခဲ့ပြီးနောက် ကျန်းမာရေးအာဏာပိုင်များက မြို့ကို အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု အမြန်ဆုံးချမှတ်နိုင်ရန်လုပ်ဆောင်ခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ ပြည်သူ ၁ ဒသမ ၅ သန်းကို နေအိမ်အပြင် မထွက်ရအမိန့်ချမှတ်ထားပြီး သန်းနှင့်ချီ ရောဂါကူးစက်ခံရမှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားဖွယ် ရှိနေသည့်အတွက် ဝန်ကြီးချုပ် အာဒန်က လာမည့် စက်တင်ဘာ ၁၉ ရက်တွင် ကျင်းပမည့် နယူးဇီလန်ရွေးကောက်ပွဲကို အချိန်ရွှေ့ဆိုင်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယခုလို အခြေအနေမျိုးတွင် မည်သည့် ဆုံးဖြတ်ချက်မျိုးမဆိုချမှတ်ရန် စောနေသေးကြောင်း၊ သို့ရာတွင် လိုအပ်လာလျှင် ပြောင်းလဲပြင်ဆင်မှုအချို့ ရှိနိုင်ကြောင်း ဒုတိယအကြိမ် ဝန်ကြီးချုပ်နေရာအတွက် လူထုထောက်ခံမှုကောင်းစွာ ရရှိထားသည့် အာဒန်က ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံ၌ ရက်ပေါင်း ၁၀၂ ရက်အထိကြာအောင် ပြည်သူလူထုအတွင်း ကိုဗစ်– ၁၉ ကူးစက်မှုကင်းစင်နေမှုမှာ ဩဂုတ် ၁၁ ရက်တွင် အဆုံးသတ်သွားခဲ့ပြီး ရောဂါကူးစက်ခံရသူများ ပြန်လည်ပေါ်ထွက်လာခဲ့သည်။

**အေအက်ဖ်ပီ**

## အီရတ်အဆင့်မြင့်အရာရှိနှစ်ဦးကို သေဆုံးစေခဲ့သည့် တူရကီ၏ ဒရုန်းတိုက်ခိုက်မှုကြောင့် အီရတ်အစိုးရ ဒေါသထွက်

ဘဂ္ဂဒက် ဩဂုတ် ၁၂

တူရကီ၏ ဒရုန်းတိုက်ခိုက်မှုကြောင့် အီရတ်အဆင့်မြင့်အရာရှိနှစ်ဦးသေဆုံးခဲ့သည့်အတွက် အီရတ်နိုင်ငံက တူရကီနိုင်ငံအပေါ် အပြစ်တင်လိုက်ပြီး တူရကီသို့ ဝန်ကြီးများအဆင့် ခရီးစဉ်သွားရောက်မည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်အဖွဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တူရကီ၏ဒရုန်းတိုက်ခိုက်မှုကို မထီလေးစားအပြုအမူတစ်ခုအဖြစ် အီရတ်အာဏာပိုင်များက ဖော်ပြလိုက်သည်။ အဆိုပါဒေသတွင် တူရကီသည် စစ်သွေးကြွများရှိရာနေရာများကို ရက်သတ္တပတ် များစွာကြာအောင် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

တူရကီ၏ ဒရုန်းတိုက်ခိုက်မှုအတွင်း နယ်ခြားစောင့်တပ်ရင်းမှူးနှစ်ဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်စစ်တပ်က ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့ပြီး ယင်းဖြစ်ရပ်သည် ပြီးခဲ့သည့် ဇွန်လလယ်က ကာ့ဒ်အလုပ်သမားပါတီ သူပုန်များကို တူရကီက နယ်စပ်ဖြတ်ကျော် တိုက်ခိုက်ခဲ့ချိန်မှစတင်ကာ ပထမဆုံးအကြိမ် အီရတ်တပ်ဖွဲ့ဝင်များ သေဆုံးရမှုဖြစ်ကြောင်း ဆိုထားသည်။

အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အီရတ်မြေပေါ် ဖြစ်ပွားခဲ့သည့် ယင်းကိစ္စနှင့် ပတ်သက်၍ တူရကီသံအမတ်ကြီးကို ဆင့်ခေါ်ခဲ့သည်။ ထို့ပြင် တူရကီကာကွယ်ရေးဝန်ကြီးကို အီရတ်နိုင်ငံက ကြိုဆိုတော့မည်မဟုတ်ကြောင်းကိုလည်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဘေရွတ်မြို့ပေါက်ကွဲမှုအပြီး နောက်ဆက်တွဲဂယက်များ

**ခြူးစန္ဒီနွေး**

**လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှာဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုကြီးဟာ ကမ္ဘာ့နိုင်ငံအသီးသီးကို အံ့ဩတုန်လှုပ်စေခဲ့ပြီး လူပေါင်း ၁၇၁ ဦးထက်မနည်းသေဆုံးခဲ့ရပါတယ်။ ပေါက်ကွဲမှုအရှိန်ကြောင့် ဒဏ်ရာရရှိသူအရေအတွက်ကတော့ ထောင်နဲ့ချီပြီးရှိခဲ့ပါတယ်။ အဲဒီဖြစ်ရပ်အပြီး သိပ်မကြာခင်ဩဂုတ် ၁၀ ရက်မှာပဲ လက်ဘနွန်အစိုးရတစ်ဖွဲ့လုံးဟာ နုတ်ထွက်သွားခဲ့ပါတယ်။**



ဘေရွတ်မြို့ဆိပ်ကမ်းပေါက်ကွဲမှုမြင်ကွင်းကို တွေ့ရစဉ်။

**"လက်ဘနွန်ပါလီမန်အဖွဲ့ဝင်တွေဟာ ဩဂုတ် ၁၃ ရက်မှာတော့ ထပ်မံတွေ့ဆုံသွားဖို့ရှိပြီး အစိုးရသစ်ဖွဲ့စည်းဖို့ကတော့ အချိန်ယူရဦးမှာပါ။ လက်ရှိဘေရွတ်မြို့မှာ သက်သာချောင်ချိရေးလုပ်ဆောင်မှုတွေကို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့တွေက ဆက်လက်လုပ်ဆောင်နေပါတယ်။ အုပ်ချုပ်သူတွေအနေနဲ့ စစ်မှန်တဲ့ပြောင်းလဲမှုတွေ လုပ် မလုပ်ဆိုတာကို တိုင်းပြည်က စောင့်ကြည့်သွားရမယ်လို့ အများက ယုံကြည်ထား"**

### ပြည်သူတွေရဲ့ဒေါသ

လုံခြုံစိတ်ချရမှုလုံးဝမရှိတဲ့ ဂိုဒေါင်မှာ ပေါက်ကွဲစေတတ်တဲ့ပစ္စည်းတွေထားရှိခဲ့လို့ ပေါက်ကွဲမှုဖြစ်ရတာလို့ဆိုပါတယ်။ အစိုးရရဲ့စီမံခန့်ခွဲမှု အမှားအပေါ်ပြည်သူတွေက ဒေါသထွက်မှု တစ်စတစ်စကြီးထွားလာခဲ့ပြီးနောက် အခုလိုဖြစ်ရပ်ကို ဦးတည်သွားခဲ့ပါတယ်။ အတိုက်အခံတက်ကြွလှုပ်ရှားသူတွေကတော့ တိုင်းပြည်အတွင်း အကျင့်ပျက်ခြစားမှုတွေနဲ့ အာဏာကိုဆုပ်ကိုင်ထားတဲ့ နိုင်ငံရေးစနစ်ကို နှစ်ပေါင်းများစွာကြာအောင် ဆန့်ကျင်ခဲ့ကြပါတယ်။

### ယာယီအစိုးရအဖြစ် ဆက်လက်လုပ်ဆောင်

အခုလိုလူပေါင်းရာနဲ့ချီပြီး သေဆုံးစေခဲ့တဲ့ပေါက်ကွဲမှုဟာ အစိုးရရဲ့စီမံခန့်ခွဲမှုအမှားကြောင့်လို့ ဒေသခံတွေက ယူဆကြပြီး အခုလိုရာထူးကနေ နုတ်ထွက်သွားရုံနဲ့ စစ်မှန်တဲ့ပြောင်းလဲမှု တစ်ခုလုပ်ဆောင်ဖို့ လုံလောက်တဲ့ လှုပ်ရှားမှုမဟုတ်သေးဘူးလို့ ယူဆကြပါတယ်။ အခုအချိန်အထိတော့ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရဆဲကာလဖြစ်တာကြောင့် အစိုးရဟာ ယာယီအစိုးရအဖြစ် ခံယူထားပါတယ်။ ပေါက်ကွဲမှုကြောင့် တိုင်းပြည်ရဲ့အဓိက ဆိပ်ကမ်းကြီးပျက်စီးသွားရသလို လူတွေရာနဲ့ ထောင်နဲ့ချီပြီး နေရာရွှေ့ပြောင်းပေးခဲ့ရပါတယ်။

### ရွေးကောက်ပွဲအသစ် မမျှော်လင့်နိုင်

အဲဒီနောက်ပိုင်းမှာ ဘာတွေဆက်ဖြစ်လာမှာလဲ။ အစိုးရအဖွဲ့သစ်ဆိုတာ ရွေးကောက်ပွဲအသစ်လို့ အဓိပ္ပာယ်ကောက်ယူလို့မရပါဘူး။ ဝန်ကြီးချုပ် ဟတ်ဆန်ဒီယာ့ဘ်က ဩဂုတ် ၁၀ ရက်မှာ အစိုးရတစ်ဖွဲ့လုံးနုတ်ထွက်သွားပြီလို့ကြေညာခဲ့ပေမယ့် အစိုးရအဖွဲ့သစ် မခန့်အပ်ရသေးခင်အချိန်ထိတော့ အခုအစိုးရအဖွဲ့ဟာ ယာယီအစိုးရအဖွဲ့အဖြစ်နဲ့ ဆက်လက်တာဝန်ယူသွားမယ်လို့ ၎င်းက ကြေညာခဲ့ပါတယ်။ တိုင်းပြည်မှာဖြစ်ပေါ်နေတဲ့ စီးပွားရေးပဋိပက္ခနဲ့အကျင့်ပျက်ခြစားမှုတို့ဟာ လက်ရှိအစိုးရအဖွဲ့ကြောင့်သာဖြစ်တယ်ဆိုပြီး အပြစ်တွေပုံချဖို့ လက်ဘနွန်နိုင်ငံရဲ့ နိုင်ငံရေးအလွှာကနေ ကြိုးပမ်းနေတယ်လို့ ဝန်ကြီးချုပ် ဟတ်ဆန်ဒီယာ့ဘ် က ရာထူးကနေ နုတ်ထွက်တဲ့ မိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားပါတယ်။

### နေရာတိုင်းမှာစိမ့်ဝင်

အကျင့်ပျက်ခြစားမှုဟာ တိုင်းပြည်ရဲ့နေရာတိုင်းမှာ စိမ့်ဝင်နေတဲ့အရာလို့ ၎င်းကဆက်လက်ပြောကြားခဲ့ပါတယ်။ အခုအချိန်အထိတော့ အစိုးရအဖွဲ့ဟောင်းဟာ အစည်းအဝေးတွေ ဆက်လက်လုပ်ဆောင်ခွင့်ရှိပေမယ့် ဥပဒေတွေအဆိုပြုဖို့နဲ့ အမိန့်ချဖို့တော့ အာဏာမရှိတော့ပါဘူး။ လက်ဘနွန်နိုင်ငံရဲ့ လက်ရှိစနစ်အရ အစိုးရအဖွဲ့သစ်ကို သမ္မတမီရှဲအာဝင်နဲ့ ပါလီမန်တို့ တိုင်ပင်ပြီး ခန့်အပ်ပိုင်ခွင့်ရှိပါတယ်။ ရွေးကောက်ပွဲအသစ် ခေါ်စရာမလိုပါဘူး။ အခုအချိန်အထိတော့သမ္မတဟာ နှုတ်ဆိတ်နေတုန်းပါပဲ။ အစိုးရအဖွဲ့ နုတ်ထွက်တာကိုပဲ လက်ခံထားပါတယ်။

### ကုန်ဈေးနှုန်းကြီးမြင့်

ကန့်ကွက်ဆန္ဒပြသူတွေရဲ့ဖိအားကြောင့် အစိုးရအဖွဲ့သစ်ဖွဲ့ဖို့ တွန်းအားဖြစ်လာပေမယ့် ပြောင်းလဲမှုတွေဖြစ်လာဖို့ မျှော်လင့်လို့မရသေးဘူးလို့ ဗြိတိန်အပြည်ပြည်ဆိုင်ရာ မူဝါဒအင်စတီကျူ့ အရှေ့အလယ်ပိုင်းနှင့်မြောက်အာဖရိကဆိုင်ရာစီမံကိန်းအကြီးအကဲ လီနာခါတိဗ်က ပြောပါတယ်။ ပေါက်ကွဲမှု မဖြစ်ခင်ကတည်းက လက်ဘနွန်နိုင်ငံမှာ စီးပွားရေးအကျပ်အတည်းတွေ ဖြစ်ပေါ်နေပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းတွေလည်း ကြီးမြင့်နေပါတယ်။

### မျက်စိတစ်မှိတ်အတွင်းဆုံးရှုံး

ရေရှည်တည်ဆောက်ရမယ့် ဘေရွတ်မြို့ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကိုဘယ်သူက ဦးဆောင်တာဝန်ယူမယ်ဆိုတာလည်း မသဲကွဲသေးပါဘူး။ ပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကနေ ၁၅ ဘီလီယံကြားမှာရှိပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကို နှစ်နဲ့ချီပြီးလုပ်ဆောင်ရမယ်လို့ လက်ဘနွန်အစိုးရက ပြောပါတယ်။ ပေါက်ကွဲမှုကြောင့် ဘေရွတ်မြို့ရဲ့ ထက်ဝက်နီးပါးခန့်ဟာ ပျက်စီးခဲ့ပြီလို့ လက်ဘနွန်နိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ဒုတိယအကြီးအကဲဖြစ်သူ ဘတ်စ်မာတာဘာဂျာက ပြောပါတယ်။ လူပေါင်း ၃၀၀၀၀၀ ခန့်ဟာ သူတို့ရဲ့နေအိမ်တွေ ပိုင်ဆိုင်မှုတွေ မျက်စိတစ်မှိတ်အတွင်းမှာ ပျက်စီးသွားတာနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ သူက ဆက်ပြောပါတယ်။

### စိုးရိမ်နေကြ

အခုအချိန်မှာ အသက်ရှင်ကျန်ရစ်ခဲ့သူတွေအတွက်လည်း ထောက်ပံ့မှုကြီးကြီးမားမားရယူဖို့ လိုအပ်နေပါတယ်။ အပြည်ပြည်ဆိုင်ရာအလှူရှင်တွေနဲ့ အဖွဲ့အစည်းတွေကနေ ဒေါ်လာသန်းနဲ့ချီတဲ့ အကူအညီတွေပေးမယ်လို့ ကတိပြုခဲ့ကြပေမယ့် အကျင့်ပျက်ခြစားမှုတွေနဲ့ နည်းစနစ်တွေ မကောင်းမွန်မှုကြောင့် အကူအညီထောက်ပံ့ရေးပစ္စည်းတွေ ဖြန့်ဝေတဲ့အခါ အနှောင့်အယှက်အဟန့်အတားတွေ ဖြစ်လာမှာကို စိုးရိမ်နေကြပါတယ်။ စေတနာ့ဝန်ထမ်းတွေဟာ လမ်းမထက်က အပျက်အစီးတွေ ရှင်းလင်းရေးလုပ်ငန်းတွေမှာ ဦးဆောင်လုပ်ကိုင်နေကြပါတယ်။ အခုအချိန်အထိ အာဏာပိုင်တွေဆီက ထောက်ပံ့ပေးမှုအနည်းငယ်သာရသေးတယ်လို့ ပြောကြပါတယ်။

### ထောက်ပံ့ကြေး အနည်းငယ်သာရ

မိသားစုဝင်တွေဆုံးရှုံးသွားတဲ့ လူတွေကလည်း သူတို့ကို ထောက်ပံ့ကြေး အနည်းငယ်သာပေးတယ်လို့ ပြောကြပါတယ်။ အဲဒီထဲမှာ အီလိုင်ဟတ်ဆာဆောက်တီလည်းအပါအဝင်ပါပဲ။ သူ့ရဲ့ဖခင်ဟာ ပေါက်ကွဲမှုဖြစ်ပွားတုန်းက ဆိပ်ကမ်းက ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှာ အလုပ်လုပ်ကိုင်နေခဲ့ပြီး အိမ်ကိုပြန်ရောက်လာနိုင်ခဲ့ခြင်းမရှိပါဘူး။ အာဏာပိုင်တွေဟာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ နှောင့်နှေးခဲ့ကြပြီး ပျောက်ဆုံးသွားတဲ့လူတွေရဲ့ကံကြမ္မာကိုနည်းနည်းလေးတောင် အသိမပေးဘဲ ရှာဖွေမှုတွေရပ်ဆိုင်းလိုက်တယ်လို့ အီလိုင်က တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

### ဆန္ဒပြပွဲ ပြန်လည်ပေါ်ပေါက်

အစိုးရနုတ်ထွက်လိုက်တယ်ဆိုတဲ့သတင်းကြောင့် ဆန္ဒပြမှုတွေကို အနည်းငယ်အရှိန်တန့်သွားစေပါတယ်။ ဩဂုတ် ၁၀ ရက်ညပိုင်းမှာတော့ ဆန္ဒပြပွဲတွေ ပြန်လည်ပေါ်ပေါက်လာပြီး အစိုးရအဖွဲ့နုတ်ထွက်လိုက်ရုံနဲ့ သူတို့တောင်းဆိုထားတဲ့ အရာတွေ မပြီးမြောက်သေးဘူးလို့ ဆန္ဒပြသူတွေကပြောပါတယ်။ အစိုးရအဖွဲ့နုတ်ထွက်လိုက်ခြင်းဟာ အတိတ်ကာလတုန်းက ကြုံတွေ့ခဲ့ဖူးတဲ့ နိုင်ငံရေးအရ ချောင်ပိတ်မိတဲ့အခြေအနေမျိုးပြန်ရောက်သွားနိုင်တယ်လို့ အများစုက ယုံကြည်ကြပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလတုန်းကလည်း ဆန္ဒပြပွဲတွေကြောင့် ဝန်ကြီးချုပ် ဆတ်ဒ်ဟာရီရီ နုတ်ထွက်သွားခဲ့ရဖူးပါတယ်။ အဲဒီနောက် ဖေဖော်ဝါရီလရောက်တဲ့အခါမှာတော့ လက်ရှိ ဝန်ကြီးချုပ်ကို အစားထိုးခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ လက်ဘနွန်နိုင်ငံရဲ့ အစိုးရထိပ်ပိုင်းမှာ အပြောင်းအလဲ သိပ်မရှိတော့ပါဘူး။

### ယုံကြည်ထား

လက်ဘနွန်ပါလီမန်အဖွဲ့ဝင်တွေဟာ ဩဂုတ် ၁၃ ရက်မှာတော့ ထပ်မံတွေ့ဆုံသွားဖို့ရှိပြီး အစိုးရသစ်ဖွဲ့စည်းဖို့ကတော့ အချိန်ယူရဦးမှာပါ။ လက်ရှိ ဘေရွတ်မြို့မှာ သက်သာချောင်ချိရေးလုပ်ဆောင်မှုတွေကို အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့တွေက ဆက်လက်လုပ်ဆောင်နေပါတယ်။ အုပ်ချုပ်သူတွေအနေနဲ့ စစ်မှန်တဲ့ပြောင်းလဲမှုတွေ လုပ်မလုပ်ဆိုတာကို တိုင်းပြည်က စောင့်ကြည့်သွားရမယ်လို့ အများက ယုံကြည်ထားပါတယ်။ လက်ဘနွန်အစိုးရအဖွဲ့နုတ်ထွက်ပြီးသွားတဲ့နောက် ဘာတွေဆက်ဖြစ်မလဲ၊ အစိုးရသစ် ဘယ်တော့ ဖွဲ့စည်းနိုင်မလဲ၊ ဆန္ဒပြသူတွေရဲ့ ဒေါသဘယ်အချိန်မှ ပြေပျောက်မလဲဆိုတာကိုတော့ ဆက်လက်စောင့်ကြည့်သွားရမှာပါပဲ။

**ကိုးကား – နယူးယောက်တိုင်းမ်**

---

# နိုင်ငံတကာသတင်းတိုထွာ

## အမေဇုန်တောမီးလောင်မှုကိစ္စက လိမ်ဆင်တစ်ခုသာဖြစ်ကြောင်း ဘရာဇီးသမ္မတပြော

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၁၂**

အမေဇုန် မိုးသစ်တော၌ တောမီးလောင်မှုအကြီးအကျယ်ဖြစ်ပွားနေသည်ဆိုသော ဖော်ပြချက်မှာ လိမ်ဆင်တစ်ခုသာဖြစ်ကြောင်း ဘရာဇီးသမ္မတ ဂျာလ်ဘော်ဆိုနာရိုက ပြောကြားခဲ့သည်။ ၎င်း၏အစိုးရအဖွဲ့ကိုယ်တိုင်က တောမီးလောင်မှုဖြစ်ပွားသည့် အကြိမ်အရေအတွက် များလာကြောင်း ဖော်ပြခဲ့သော်လည်း သမ္မတက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အပူပိုင်းမိုးသစ်တောသည် မီးစွဲလောင်ခြင်းမရှိကြောင်းနှင့် အမေဇုန်တောမီးလောင်နေသည်ဆိုသော ပုံပြင်မှာ အလိမ်အညာစကားတစ်ခုဖြစ်ကြောင်း မှန်ကန်သည့်ကိန်းဂဏန်းအရေအတွက်ဖြင့် ယင်းကိစ္စကို တုံ့ပြန်မည်ဖြစ်ကြောင်း သမ္မတက ပြောသည်။ သမ္မတဂျာလ်ဘော်ဆိုနာရိုသည် အမေဇုန်သစ်တောအတွင်း သစ်တောပြုန်းတီးမှု မြင့်တက်လာခြင်းနှင့် တောမီးလောင်မှုများနှင့်ပတ်သက်၍ ၎င်း၏စီမံဆောင်ရွက်မှုအပေါ် နိုင်ငံတကာ၏ ဝေဖန်မှုကို ရင်ဆိုင်နေရသည်။

**ဘန်ကောက်ပို့စ်**

## အာရှဒေသ၌ ရေကြီးမှုများ အပြင်းအထန်ဖြစ်ပွားနေသည့်အပေါ် ကုလသမဂ္ဂစိုးရိမ်ကြောင်းဖော်ပြ

**ဂျိနီဗာ ဩဂုတ် ၁၂**

အာရှနိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ မြောက်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့တွင် ရေကြီးမှုများ အကြီးအကျယ်ဖြစ်ပွားနေရသည့်အပေါ် စိုးရိမ်ပူပန်မိကြောင်းနှင့် အဆိုပါနိုင်ငံများအား အကူအညီပေးလိုကြောင်း ဖော်ပြခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်သူများသည် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးနှင့်အကြာမြင့်ဆုံး မုတ်သုံမိုးကြောင့် ရေကြီးမှုကို ခံစားရလျက်ရှိသည်။ နိုင်ငံ၏သုံးပုံတစ်ပုံလောက်အထိ ရေနစ်မြုပ်လျက်ရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ပြောကြားသည်။

ပြည်သူ ၅ ဒသမ ၄ သန်းအထိ ရေဘေးသင့်ခဲ့ပြီး အိမ်ထောင်စုပေါင်း ၁၁၀၀၀ အထိ နေအိမ်စွန့်ခွာရှောင်တိမ်းရလျက်ရှိကာ ရေကြီးမှုကြောင့် ၁၃၅ ဦးအထိ သေဆုံးခဲ့ကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံတွင်လည်း ဩဂုတ် ၁ ရက်နှင့် ၆ ရက်တို့တွင် ရွာခဲ့သည့်မိုးကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုဒဏ်ကို အဆိုးဆုံးခံစားရသည့် လူမှုအဖွဲ့အစည်းများအတွက် အကူအညီလိုအပ်လာလျှင် အကူအညီပေးအပ်ရန် အဆင်သင့်ပင်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၇ ရက်သာ**

**လိုတော့သည်။**

### ရွေးကောက်ပွဲများသည်-

➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။

➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။

➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

✻ *ကျော်ဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင် (တောင်ပိုင်းခရိုင်တာဝန်ခံ) ဦးကျော်မိုးကြည်ထံမှ သိရသည်။ တောင်ပိုင်းခရိုင်အတွင်း၌ ကိုကိုးကျွန်း၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ ကော့မှူး၊ ခရမ်း၊ ဆိပ်ကြီး-ခနောင်တို၊ တွံတေး၊ ဒလ၊ သုံးခွ၊ သန်လျင်၊ ဆယ်မြို့နယ်ရှိသည်။ ယင်း ၁၀ မြို့နယ်အတွင်း၌ ရပ်ကွက်ကျေးရွာပေါင်း ၄၈၈ ခု ရှိပြီး ပထမမဲစာရင်းအရ မဲပေးနိုင်သူကရင်၊ ရခိုင်တိုင်းရင်းသားများအပါအဝင် စုစုပေါင်း ၁၀၈၃၉၉၈ ဦး ရှိကာ မဲရုံပေါင်း ၁၇၃၇ ရုံ ထားရှိပေးမည်ဖြစ်သည်။

မြို့နယ်များအလိုက် မဲစာရင်းလာရောက်ကြည့်ရှုသူများ နေ့စဉ်ရှိနေပြီး မိမိအမည်မပါရှိ၍ ဖြည့်စွက်ခြင်း၊ ပါရှိသောအကြောင်းအရာ အချက်အလက်အချို့ မှားယွင်းမှုရှိနေ၍ ပြန်လည်ပြင်ဆင်ပေးနိုင်ရန် လျှောက်လွှာဖြည့်စွက်ခြင်း၊ မပါဝင်သင့်သူများ ပါလာခြင်းအတွက် ကန့်ကွက်လျှောက်လွှာများ တင်ခြင်းများကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဩဂုတ်လ ပထမပတ်အထိ တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များက ခရိုင်ကော်မရှင်ရုံးသို့ တင်ပြလာသော စာရင်းများအရ မဲစာရင်းတွင် မိမိအမည်မပါရှိ၍ ပုံစံ(၃)ဖြင့် ဖြည့်စွက်တင်ပြလာသူ ၆၂၃၇ ဦး၊ ပါရှိနေသော အချက်အလက်များ မှားယွင်းနေသည့်အတွက်ပြန်လည်ပြင်ဆင်ပေးနိုင်ရန် ပုံစံ(၄-က)တင်ပြလျှောက်ထားသူ ၃၀၇၁ ဦး၊ မပါဝင်သင့် မပါဝင်ထိုက်သူများ ပါနေခြင်းအတွက် ပုံစံ(၄)ဖြင့် ကန့်ကွက်တင်ပြသူ ၁၆၀၈ ဦး ရှိကြောင်း သိရသည်။

တင်ဝင်းလေး၊သန်းဝင်းလေး

## မဲဆန္ဒရှင်စာရင်း၌ အမည်ပါဝင်ပြီး မှတ်ပုံတင်နံပါတ်ဖြည့်သွင်းရန် ကျန်ရှိသူများအား မှန်ကန်မြန်ဆန်စွာ ပြန်လည်ဖြည့်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည် ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံး၌ ဩဂုတ် ၁၁ ရက်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း၌ အမည်ပါဝင်ပြီး မှတ်ပုံတင်နံပါတ်ဖြည့်သွင်းရန် ကျန်ရှိသူများအား မှန်ကန်မြန်ဆန်စွာ ပြန်လည်ဖြည့်သွင်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးအောင်မင်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း၌ အမည်ပါဝင်ပြီး မှတ်ပုံတင်နံပါတ်ဖြည့်သွင်းရန် ကျန်ရှိသူများအား မှန်ကန်မြန်ဆန်စွာ ပြန်လည်ဖြည့်သွင်းနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ခရိုင်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးဝေနော်က ကော်မရှင်၏ ဆောင်ရွက်မှု၊ မဲစာရင်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော ခရိုင်စီမံကိန်း၊ ခရိုင်ပညာရေး၊ ခရိုင်ကျန်းမာရေး၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ပြည်ခရိုင် (၆) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများမှ တာဝန်ရှိသူများနှင့် မြို့နယ် လ.ဝ.က ဦးစီးမှူးများက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း၌ အမည်ပါဝင်ပြီး မှတ်ပုံတင်နံပါတ်ဖြည့်သွင်းရန် ကျန်ရှိသူများအား မှန်ကန်မြန်ဆန်စွာ ပြန်လည်ဖြည့်သွင်းနိုင်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




**သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့**

# ဆန်းသစ် တီထွင်



ယခုအခြေအနေတွင် စိန်ခေါ်မှုကြီးသည်နှင့်အမျှ စဉ်းစားစရာများလည်း များလာပါကြောင်း၊ လိုအပ်ချက်သည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် စကားအရ လိုအပ်လာသည့်အခါ ဆန်းသစ် တီထွင်နိုင်သည့် မိမိတို့ဦးနှောက်မှ ပို၍ အလုပ်လုပ်လာပါကြောင်း၊ ဆန်းသစ်ရမည်၊ တီထွင်ရမည်၊ ရှိပြီးသားအရင်းအမြစ်များကို မည်သို့ပိုပြီး တန်ဖိုးရှိအောင် မိမိအတွက်၊ ကမ္ဘာအတွက်ပါ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကြီးတွင် ကိုယ့်နိုင်ငံထီးထီးကြီးရှိသည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် တချို့နိုင်ငံများ၌ ယခုအချိန်တွင် စားသောက်ကုန် ပစ္စည်းတစ်ခု လိုအပ်လာလျှင် မူအရ ရောင်းနိုင်မည်ဆိုပါက ရောင်းရမည်ဖြစ်ပါကြောင်း၊ ကိုယ်ပေးနိုင်သလောက် ရောင်းနိုင်သလောက် ရောင်းရမည်ဖြစ်ပါကြောင်း၊ သူတစ်ပါး ဒုက္ခရောက်ချိန်၊ အခက်အခဲဖြစ်နေချိန်တွင် ပံ့ပိုးကူညီရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ကူညီမှုသည် လူသားချင်းစာနာထောက်ထားမှုလည်း ဖြစ်သလို ကမ္ဘာ့လူသားများကြားတွင် ဆက်ဆံရေးအတွက်လည်းကောင်းပါကြောင်း၊ နောင်ရေရှည်တွင်လည်း ကံ၊ ကံ၏ အကျိုးအတိုင်း မိမိ၏ စေတနာသည် ပြန်အကျိုးပေးမည်ဟု ယုံကြည်ပါကြောင်း။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၃-၆-၂၀၂၀ ရက်နေ့တွင် COVID -19 နှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၂-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၂)ခုတွင်
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၆၉၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၈)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၁)ခု၊
- စုစုပေါင်း (၁,၁၄၅)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

### (၁၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၁-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၃။ (၁၂-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၀) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီ ရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်တွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအတွက် မြန်မာ သံရုံး၊ ဝါရှင်တန်မြို့နှင့် မြန်မာသံရုံး၊ ဆိုးလ်မြို့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဒုတိယအကြိမ်မြောက် မြန်မာ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေး လေယာဉ်အား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည် ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြေးဆွဲခဲ့သည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အမေရိကန်ပြည်ထောင်စု မှ မြန်မာနိုင်ငံသား ၉၂ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာ နိုင်ငံသား ၁၈ ဦးနှင့် မြန်မာသင်္ဘောသား ၁၅ ဦး စုစုပေါင်း ၁၂၅ ဦးတို့ လိုက်ပါလာခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အောက်ဝဲပုံ)**




ၾငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင် ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက် ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက် နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၄၈၂ ဦးအား ကယ်ဆယ်ရေး လေယာဉ်/အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## COVID - 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၂**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီး ဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များ အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID - 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ် ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဩဂုတ် ၁၂ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၁ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၆၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ တစ်ဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၆၁ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၃၁၈ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၁၀ ရှိကြောင်းနှင့် ဩဂုတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၂ မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၈၈၀၁ | ၃၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၁၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၉၈၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၁၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၃ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၆၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၂-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၃၀၉၆၂၂ | ၂၇၅၇၄၁၀ | ၁၆၇၇၈၉ |
| ၂။ | ဘရာဇီး | ၃၁၁၂၃၉၃ | ၂၂၄၃၁၂၄ | ၁၀၃၀၉၉ |
| ၃။ | အိန္ဒိယ | ၂၃၉၀၃၅၈ | ၁၆၆၂၄၅၇ | ၄၆၅၃၆ |
| ၄။ | ရုရှား | ၉၀၂၇၀၁ | ၇၁၀၂၉၈ | ၁၅၂၆၀ |
| ၅။ | တောင်အာဖရိက | ၅၆၆၁၀၉ | ၄၂၆၁၂၅ | ၁၀၇၅၁ |
| ၆။ | မက္ကဆီကို | ၄၉၂၅၂၂ | ၃၃၂၈၀၀ | ၅၃၉၂၉ |
| ၇။ | ပီရူး | ၄၈၉၆၈၀ | ၃၃၅၇၅၆ | ၂၁၅၀၁ |
| ၈။ | ကိုလံဘီယာ | ၄၁၀၄၅၃ | ၂၃၀၄၂၇ | ၁၃၄၇၅ |
| ၉။ | ချီလီ | ၃၇၆၆၁၆ | ၃၄၉၅၄၁ | ၁၀၁၇၈ |
| ၁၀။ | စပိန် | ၃၇၃၆၉၂ | စိစစ်ဆဲ | ၂၈၅၈၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂- ၈ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၄၃၇၄၉ | ၆၈၉၉၇ | ၂၄၀၄ |
| အင်ဒိုနီးရှား | ၁၃၀၇၁၈ | ၈၅၇၉၈ | ၅၉၀၃ |
| စင်ကာပူ | ၅၅၃၉၅ | ၅၀၁၂၈ | ၂၇ |
| မလေးရှား | ၉၁၁၄ | ၈၈၁၇ | ၁၂၅ |
| ထိုင်း | ၃၃၅၆ | ၃၁၆၉ | ၅၈ |
| ဗီယက်နမ် | ၈၈၀ | ၄၀၀ | ၁၇ |
| မြန်မာ | ၃၆၁ | ၃၁၈ | ၆ |
| ကမ္ဘောဒီးယား | ၂၆၈ | ၂၂၀ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

# မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၇၁ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၁၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၄၇၁ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့်တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၁၂ ရက်အထိ ၈၀၁၅ ဦး စုစုပေါင်း ၆၃၆၃၀ တို့ ပြန်လည် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၇၄ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၄၇၁ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေး စခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

# ကိုဗစ်–၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသည့်စီးပွားရေးလုပ်ငန်းများ ဒုတိယအကြိမ် ချေးငွေလျှောက်ထား

ရန်ကုန် ဩဂုတ် ၁၂

ကိုဗစ် – ၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဒုတိယအကြိမ် အတိုးနှုန်းသက်သာသည့် ချေးငွေကို ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သည်စက်မှုအသင်းများတွင် ဇူလိုင် ၂၉ ရက်မှစတင်၍ လျှောက်ထားလျက်ရှိကြောင်း သိရသည်။

ထိုသို့လျှောက်ထားရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ပါဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို ဦးစားပေးလုပ်ငန်းကဏ္ဍများအဖြစ် သတ်မှတ်ထားသည်။

ထိုသို့လျှောက်ထားရာတွင် ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) သို့ ဩဂုတ် ၉ ရက်အထိ ကိုယ်တိုင်လာရောက်လျှောက်လွှာတင်သွင်းသူ ၁၄၁၉ ဦးနှင့် Online မှ လျှောက်ထားသူ ၃၀၂ ဦးရှိသည်။

မန္တလေးမြို့ရှိ ကုန်သည်စက်မှုအသင်းရုံး (MRCCI) သို့ ဩဂုတ် ၁၀ ရက်နေ့ထိ ကိုယ်တိုင်လျှောက်လွှာတင်သွင်းသူ ၆၄၈ ဦးရှိကြောင်း သိရသည်။

အောင်သူရ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၇၉) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၃၁) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၄) ခု
- စုစုပေါင်း (၁,၁၆၉)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။

၂။ (၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၅)ဦး (Case-261, 341, 344, 351, 352) ရှိသဖြင့် စုစုပေါင်း (၃၁၈) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၁၀) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၁-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၂-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

(၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၇၉) ခု |
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၅) ခု |
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၃၁) ခု |
| (၁၂-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

(၁၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၆၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၃၁၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၂-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 361 | ၃၅ နှစ် | ကျား | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ<br>ကန့်သတ်ထားရှိသူ<br>(ဒဂုံမြို့နယ်) |

## ကိုဗစ်ကာလ လယ်ယာလုပ်သားရှားပါးမှုကို ကုစားသည့်အနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြ



မန္တလေး ဩဂုတ် ၁၂

ကိုဗစ်ကာလတွင် လယ်ယာလုပ်သားရှားပါးမှုကို ကုစားသည့်အနေဖြင့် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် (၈၀) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် သလဲကုန်းကျေးရွာအုပ်စု ရွာရှည်ကျေးရွာရှိ တောင်သူ ဦးထွန်းဝေ၏ လယ်ယာမြေပေါ်တွင် ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် အရာရှိများ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

“အခုလို ကိုဗစ်ကာလမှာ လယ်ယာလုပ်သားရှားပါးမှုကို ကုစားပေးတဲ့အနေနဲ့ ကောက်စိုက်စက်တွေနဲ့ စိုက်ပျိုးပေးနေတာ ဖြစ်ပါတယ်။ ကောက်စိုက်စက်နဲ့ စိုက်ပျိုးတဲ့အတွက် မျိုးစပါး၊ ကုန်ကျမှုနဲ့ စိုက်ပျိုးစရိတ်တွေ သက်သာတဲ့အပြင် စပါးအထွက်နှုန်းလည်း ကောင်းမွန်တာကြောင့် တောင်သူတွေ တွက်ခြေကိုက်ပြီး လာမယ့်နှစ်တွေမှာ စက်နဲ့ စိုက်ပျိုးပေးဖို့ တောင်းဆိုလာတာတွေများလာပါတယ်” ဟု စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထင်က ပြောသည်။

ရွာရှည်ကျေးရွာမှ တောင်သူ ဦးထွန်းဝေက “ကောက်စိုက်စက်နဲ့ နှေ့စပါးစပြီးစိုက်ဖြစ်တယ်။ ကုန်ကျစရိတ် သိသိသာသာသက်သာပြီး စပါးအထွက်နှုန်းကလည်း ပိုလာတယ်။ ဒါကြောင့် အခုမိုးစပါးကိုလည်း စက်မှုလယ်ယာက ကောက်စိုက်စက်နဲ့ စိုက်ပျိုးတာဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း စက်နဲ့ပဲ ဆက်ပြီး စိုက်သွားမှာပါ။ အခုလို ကောက်စိုက်စက်နဲ့ စိုက်ပျိုးပေးတဲ့ စက်မှုလယ်ယာကို ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

## ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် သီပေါမြို့နယ်၌ တောင်သူများအား ထောက်ပံ့ငွေ မျိုးသန့်မျိုးစေ့နှင့် မြေဩဇာအိတ်များ ထောက်ပံ့


သီပေါ ဩဂုတ် ၁၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ တောင်သူလယ်သမားကြီးများ စပါးထုတ်လုပ်ရာတွင် ထိခိုက်ကျဆင်းမှုမရှိစေရေးအတွက် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (နားခဲ)၊ ဆားတွင်းကျေးရွာမှ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့၊ စိုက်ခင်းစိုက်ပျိုးစရိတ် ထောက်ပံ့ပေးအပ်ခြင်း၊ မိုးစပါး စံပြကွက်တောင်သူများအား သွင်းအားစု ထောက်ပံ့ခြင်းနှင့် မျိုးစေ့ထုတ်စိုက်ပျိုးနည်းစနစ်ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက နားခဲကျေးရွာခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက ပေါ်ကြိုကျေးရွာအုပ်စု ဆားတွင်းကျေးရွာ မိုးစပါး မျိုးစေ့ထုတ်စံပြကွက် တောင်သူ ၁၄ ဦးအား ဧက ၃၀ အတွက် ငွေကျပ် ၂၅သိန်းကျော်ကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာမိုးစပါး မျိုးစေ့ထုတ်စံပြတောင်သူ ၁၀ ဦးတို့အား ၂၅ ဧကအတွက် မျိုးစေ့၊ စိုက်ခင်းစိုက်ပျိုးစရိတ်ငွေကျပ် ၄၅ သိန်းကျော်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၇၅ အိတ်၊ သဘာဝမြေဩဇာ ၆၈ အိတ်တို့ကို ပေးအပ်ကြောင်း သိရသည်။

စိုင်း (သီပေါ)





**အမုန်းစကားမပြောရ။**

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

# တောဆင်ရိုင်းများကို တည်နေရာပြ လည်ပတ်များတပ်ဆင်၍ သွားလာမှု လမ်းကြောင်းများကို စောင့်ကြည့်လေ့လာနေ

ဘုတ်ပြင်း ဩဂုတ် ၁၂



တောဆင်ရိုင်းများ၏ သွားလာလှုပ်ရှားမှုလမ်းကြောင်းများကို သိရှိနိုင်ရန်နှင့် ၎င်းတို့၏ကျက်စားရေယာအကျယ်ဝန်း (home range)များကို သိရှိရပြီး ရရှိလာသော လမ်းကြောင်းအချက်အလက်များအပေါ် အခြေခံ၍ လူနှင့်ဆင် ပဋိပက္ခဖြစ်ရပ်များတွင် ကူညီဖြေရှင်းနိုင်ရန်နှင့် လူနှင့်ဆင် သင့်မြတ်စွာ ယှဉ်တွဲနေထိုင်နိုင်ရန်အတွက် တောဆင်ရိုင်းများအား မေ့ဆေးပေး၍ တည်နေရာပြလည်ပတ်(GPS collar)များ တပ်ဆင်ပေးကာ စောင့်ကြည့်လေ့လာမှုများကို တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်းရှိ လေညာကြိုးဝိုင်းအနီးဝန်းကျင်၌ ဆောင်ရွက်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(FFI) (မြန်မာနိုင်ငံ အစီအစဉ်)မှ သိရသည်။

တည်နေရာပြ လည်ပတ်များ တပ်ဆင်ခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်းမှ အရေးပေါ်ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ စမစ်ဆိုနီယမ်အင်စတီကျူ၊ ဒေသခံပြည်သူများနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(FFI)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လေညာကြိုးဝိုင်းအနီးဝန်းကျင်တွင် ကျက်စားလျက်ရှိသော တောဆင်ရိုင်းအုပ်ထဲမှ အသက် ၂၀ မှ ၄၀ အတွင်းရှိ တောဆင်ရိုင်းအထီး လေးကောင်နှင့် အမတစ်ကောင်အား လည်ပတ်တပ်ဆင်ပေး၍ တောဆင်ရိုင်းတို့၏ သွားလာလှုပ်ရှားမှု လမ်းကြောင်းများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့(FFI) (မြန်မာနိုင်ငံအစီအစဉ်)မှ တနင်္သာရီ စီမံကိန်းမန်နေဂျာ ဒေါက်တာနေမျိုးရွှေက "အာရှဆင်နဲ့ အာဖရိကဆင်ဆိုပြီး အဓိကဆင်အမျိုးအစား နှစ်မျိုးရှိတဲ့အနက် မြန်မာနိုင်ငံအတွင်း နေထိုင်ကျက်စားကြတာက အာရှဆင်အမျိုးအစားဖြစ်ပါတယ်။ ဆင်တွေဟာ နိုင်ငံရဲ့ အဖိုးတန်သယံဇာတဖြစ်သလို ဂေဟစနစ်အရ သဘာဝပတ်ဝန်းကျင် တောတောင်တွေအတွက် ဥယျာဉ်မှူး (Eco- logical Engineers)တွေလည်း ဖြစ်ပါတယ်။ လက်ရှိကာလ မြန်မာနိုင်ငံမှာ တောဆင်ရိုင်းကောင်ရေ ၂၀၀၀ အောက်သာ ကျန်ရှိပြီး ကောင်ရေကျဆင်းလာရတာကတော့ မုဆိုးတွေရဲ့ သတ်ဖြတ်ခံရခြင်း၊ ဆင်တို့ရဲ့ ကျက်စားနေထိုင်တဲ့ နေရင်းဒေသတွေ ဖျက်ဆီးခံရခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ယခင်က တောဆင်ရိုင်းတွေကို အစွယ်ရယူလိုမှုအတွက်သာ ဆင်ထီးတွေကို ရွေးချယ်သတ်ဖြတ်ခဲ့ကြပေမယ့် အခုနောက်ပိုင်းမှာ အစွယ်အပြင် အသား၊ အရေ၊ အရိုး၊ နှာမောင်းစတဲ့ အစိတ်အပိုင်းတွေကိုပါ တရားမဝင်ရောင်းဝယ်မှုပြုလုပ်ဖို့ သတ်ဖြတ်လာခဲ့ကြပါတယ်"ဟု ပြောကြားသည်။

"ဒါ့အပြင် လူတွေက တောထဲမှာ နေထိုင်ပြီး တောင်ယာခုတ်ထွင်ခြင်း၊ စိုက်ခင်းများစွာကို လုပ်ကွက်တွေနဲ့ စီးပွားဖြစ် စက်မှုသီးနှံစိုက်ခင်းတွေ ဖော်ဆောင်လာခြင်းတွေကြောင့် သစ်တောဧရိယာရှားပါးလာပြီး တောဆင်တွေအတွက် စားကျက်မြေတွေ နည်းပါးလာလို့ သူတို့တွေက ဒေသခံတွေ စိုက်ပျိုးထားတဲ့ ဥယျာဉ်၊ စိုက်ခင်းတွေကို လာရောက် စားသောက်ရာက လူနဲ့ဆင် ပဋိပက္ခဖြစ်ရပ်တွေ ပိုပြီးဖြစ်လာရတယ်။ ဒါကြောင့် တောဆင်ရိုင်းတွေကို မေ့ဆေးပေးပြီး တည်နေရာပြလည်ပတ်တွေ တပ်ဆင်ကာ စောင့်ကြည့်လေ့လာမှုတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထိုသို့ စောင့်ကြည့်လေ့လာမှုမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍ လူနှင့်ဆင် ပဋိပက္ခ အများဆုံး ရင်ဆိုင်ကြုံတွေ့နေရသော ကျေးရွာများ၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်၍ လူနှင့်ဆင် ပဋိပက္ခဖြစ်စဉ်များ ဖြစ်ပွားခြင်းမှ ကြိုတင်ရှောင်ရှားနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွန့်**

**ဓာတ်ပုံ- FFI**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်းသတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၈ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၈၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၁၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၈၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၈၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၁၁၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၆၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၂ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၂ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၅ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၄၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၄၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၉၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၈ | ၂၆၁၄၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၃၅၆၂ | ၁၃၂၇၁၂၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၀ | ၁၆၀၀၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၈၃၇ | ၃၉၅၂၁၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၄ | ၁၁၄၀၀ |
| EFR | ၃၀၅၀ | ၃၀၀၀ | ၄၈ | ၁၄၆၃၅၀ |

ခင်ရတနာ - စုစည်းသည်

# ကိုလိုနီခေတ်ဦး ဆန်စက်နှင့် သစ်စက်များ

## သိပ္ပံစာရေးဆရာကိုကိုအောင်

**ကိုလိုနီခေတ်ဦး သစ်ထုတ်လုပ်ငန်း**

ဗြိတိသျှကိုလိုနီလက်ထက်က သစ်ရောင်းဝယ်ရေးလုပ်ငန်းတွင် အစောဆုံးအခြေချသော နိုင်ငံခြားသား အရင်းရှင် ကုမ္ပဏီမှာ ဘုံဘေဘားမားထရေးဒင်းနှင့် မက္ကရေးဂါးတို့ဖြစ်ကြသည်။နောက်ပိုင်းတွင် စတီးဘရားသားကလည်း သစ်လုပ်ငန်းတွင် ပါဝင်လာခဲ့သည်။ ဘုံဘေဘားမား ကုမ္ပဏီသည် ဗြိတိသျှမြန်မာပြည်၏ သစ်တောများ၌သာမက မြန်မာဘုရင်ပိုင် တောင်ငူသစ်တောနှင့် အထက်မြန်မာနိုင်ငံ သစ်တောများတွင်လည်း သစ်ခုတ် ထုတ်လုပ်ခွင့်ရရှိသော ကုမ္ပဏီဖြစ်သည်။

မစ္စတာဝီလျှံဝါလေ့စ်သည် ၁၈၆၂ ခုနှစ်က မြန်မာဘုရင်ထံမှ ကျွန်းသစ်ခုတ်လှဲထုတ်ယူခွင့်ကို ရရှိခဲ့ပြီးနောက် ၁၈၆၃ ခုနှစ်တွင် ဘုံဘေဘားမားကုမ္ပဏီကို တည်ထောင်ခဲ့သည်။ ကုမ္ပဏီကို ဘုံဘေတွင် ရုံးစိုက်ပြီး ရန်ကုန်တွင် ကုမ္ပဏီရုံးခွဲကို သီးခြားဖွင့်လှစ်ကာ သစ်ထုတ်လုပ် ခြင်း၊ ခွဲစိတ်ခြင်း၊ ပြည်ပသို့တင်ပို့ရောင်းချခြင်း စသော သစ်လုပ်ငန်းတစ်ခုတည်းကို ချုပ်ကိုင်လုပ်ဆောင်ခဲ့သည်။ ကုမ္ပဏီပိုင်သစ်စက်များကို ရန်ကုန်၊ ဒလ၊ ဓနိတောနှင့် မော်လမြိုင်တို့တွင် တည်ထောင်ခဲ့သည်။

**ဒီဆူဇာဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေး**

အစောပိုင်းကာလကပင် အခြေချခဲ့သော နိုင်ငံခြားသား ကုမ္ပဏီများ၊ ကုန်တိုက်များထဲတွင် အီအမ်ဒီဆူဇာကုမ္ပဏီကလည်း တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ ၁၈၇၈ ခုနှစ်က ဒေါက်တာအီအမ်ဒီဆူဇာသည် စင်ကာပူတွင် ဆေးခန်းဖွင့်လှစ်ရန်အတွက် အသွားလမ်းခရီး၌ သင်္ဘောမှာ လေမုန်တိုင်းမိသဖြင့် ရန်ကုန်သို့ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့သည်။ ထိုစဉ်က မြို့တော်ဖြစ်သော ရန်ကုန်၌ အရင်းရှင်စီးပွားရေးစနစ်ကို အခြေချရန်အတွက် အလားအလာအလွန်ကောင်းသည်ကို တွေ့မြင်ခဲ့ရသည့် ဒေါက်တာဒီဆူဇာက စင်ကာပူသို့ဆက်မသွားတော့ဘဲ ရန်ကုန်၌ပင် ဆေးခန်းတစ်ခုကို ဖွင့်လှစ်ခဲ့သည်။

ဒေါက်တာဒီဆူဇာ၏ ဆေးခန်းမှာ ပထမဦးဆုံးနှင့် တစ်ခုတည်းသော အနောက်တိုင်းဆေးခန်းဆေးတိုက်ဖြစ်သဖြင့် လုပ်ငန်းမှာ များစွာတွင်ကျယ်ကာ ကြီးပွားခဲ့သည်။ ကိုလိုနီခေတ်တစ်လျှောက်လုံးတွင် လွန်စွာထင်ရှားပြီး လူသိများခဲ့သော ဒီဆူဇာကုမ္ပဏီ အဆောက်အအုံကို ၁၈၈၇ ခုနှစ်က မစ္စတာ ဟာဂျီမာမတ်ဟာဒီထံမှ ဝယ်ယူခဲ့သည်။ ထိုအဆောက်အအုံတွင် လူနာများ လက်ခံကာ ဆေးကုသပေးရင်း ဆေးဝါးများကိုလည်း ဖော်စပ်ထုတ်လုပ်ရောင်းချခဲ့သည်။ ဒီဆူဇာကုမ္ပဏီသည် ဓာတုဗေဒပစ္စည်းနှင့် ဆေးဝါးများ ထုတ်လုပ်ရောင်းချသော ပထမဦးဆုံးကုမ္ပဏီ ဖြစ်ခဲ့သည်။

နိုင်ငံခြားသား အရင်းရှင်ကုမ္ပဏီကြီးများနှင့် ကုန်တိုက်များ၊ ကုန်သည်ပွဲစားများ အပြိုင်အဆိုင် အခြေချလာမှုကြောင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ပြည်ပကူးသန်းရောင်းဝယ်ရေး တိုးတက်လာသောအခါ ပြည်တွင်း ကူးသန်းရောင်းဝယ်ရေး လျင်မြန်တိုးတက်လာအောင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ချုပ်ကိုင်လုပ်ဆောင်သော ကုမ္ပဏီတစ်ခုလည်း ပေါ်ပေါက်လာခဲ့သည်။

ထိုစဉ်က ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ကူးသန်းရောင်းဝယ်ရေးအတွက် လှေကြီးလှေငယ်တို့ကို အားထားခဲ့ကြရသလို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ငယ်ချောင်းငယ်များအတွင်း၌လည်း တိုင်းရင်းသားတို့၏ လှေသမ္ဗန်များကို အားထားကာ လုပ်ဆောင်ခဲ့ကြရသည်။ ၁၈၆၇ ခုနှစ်က ဗြိတိသျှအစိုးရနှင့် မြန်မာဘုရင်တို့ ကုန်သွယ်ရေးစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်မှ အစပြု၍ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတို့၏ ပြည်တွင်း ကူးသန်းရောင်းဝယ်ရေးမှာ များစွာတိုးတက်ခဲ့သည်။

**ဧရာဝတီဖလိုတီလာကုမ္ပဏီ**

ထို့ကြောင့် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် စစ်အတွင်းကအသုံးပြုခဲ့သော သင်္ဘောများကို ဝယ်ယူကာ ဧရာဝတီမြစ်ကြောင်း သွားလာရေးကို စတင်ခဲ့သည်။ ဧရာဝတီဖလိုတီလာ ကုမ္ပဏီသည် ၁၈၆၈ ခုနှစ်တွင် အစိုးရထံမှ သင်္ဘောသုံးစင်းကို ထပ်မံဝယ်ယူပြီး ကုမ္ပဏီကိုလည်း ပြန်လည်ပြုပြင် ဖွဲ့စည်းခဲ့သည်။ ကုမ္ပဏီတည်ထောင်ခါစတွင် ဖလိုတီလာသင်္ဘောများက ဧရာဝတီမြစ်ကြောင်းအတွင်း ရန်ကုန်နှင့် သရက်မြို့အကြား ပုံမှန်စတင်ခုတ်မောင်းခဲ့သည်။

နောက်ပိုင်းတွင် ရန်ကုန်နှင့် မန္တလေးအကြား၌ အပတ်စဉ်နှင့် မန္တလေးနှင့် ဗန်းမော်အကြား၌ လစဉ် အထက်အောက် စုန်ဆန်ခုတ်မောင်းခဲ့ကြသည်။ လုပ်ငန်းမှာ များစွာ တိုးတက်ဖြစ်ထွန်းသဖြင့် ဧရာဝတီ ဖလိုတီလာကုမ္ပဏီက ၁၈၇၅ ခုနှစ်တွင် ပြည်တွင်းသွားသင်္ဘောကြီးငါးစင်းနှင့် ကုန်တွဲသမ္ဗန်ကြီး ခြောက်စင်းကို ထပ်မံဝယ်ယူကာ လုပ်ငန်းတိုးချဲ့ခဲ့ပြန်သည်။ သင်္ဘောကြီးများတွင် ဖောင် သင်္ဘောကြီးများကို ချိတ်တွဲကာ နယ်လှည့်ဈေးဆိုင်ကြီးများအဖြစ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စုန်ဆန်ခုတ်မောင်းပြီး ရောင်းဝယ်ဖောက်ကားခဲ့သည်။

> **“နိုင်ငံခြားသား အရင်းရှင်များအနေဖြင့် ငွေပင်ငွေရင်း (Fixed Capital) မြှုပ်နှံရသော လုပ်ငန်းများ၊ အရင်းရှင် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများကို တည်ထောင်မှုက နည်းပါးပြီး အချိန်တိုအတွင်း အမြတ်အစွန်းရရှိသော သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကိုသာ အဓိကထား၍ လုပ်ဆောင်ခဲ့ကြသည်။ အနည်းငယ်မျှသော စက်မှုလက်မှုလုပ်ငန်းများကလည်း ကုန်ပစ္စည်းထုတ်လုပ်သော စက်မှုလုပ်ငန်းမဟုတ်ဘဲ စိုက်ပျိုးရေးကို အခြေခံသော ကြိတ်ခွဲထုတ်လုပ်မှုများသာ ဖြစ်ခဲ့သည်”**

၁၈၈၁ ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးအကြား သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ကျနှင့် ဗန်းမော်သို့ တစ်လလျှင် နှစ်ကြိမ်ကျ ခုတ်မောင်းခဲ့သည်။ ထိုစဉ်က ဧရာဝတီဖလိုတီလာကုမ္ပဏီပိုင် သင်္ဘောများသည် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းဒေသများအကြား နှစ်စဉ်သိန်းသုံးရာဖိုးရှိသော ကုန်ပစ္စည်းများနှင့် ကူးတို့စီးရေ ၅၀၀၀၀ ခန့်ကို သယ်ယူပို့ဆောင်ပေးခဲ့သည်။ ဧရာဝတီဖလိုတီလာကုမ္ပဏီသည် ပထမဦးဆုံး အခြေချတည်ထောင်လုပ်ကိုင်ခဲ့သည့် တစ်ခုတည်းသော ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးကုမ္ပဏီ ဖြစ်ခဲ့သည်။

ထိုအချိန်က နိုင်ငံခြားသားအရင်းရှင်များက တစ်စတစ်စအခြေချ၍ မြန်မာ့စီးပွားရေးကို ခြယ်လှယ်လုပ်ကိုင်ခဲ့ကြသည်ဆိုသော်လည်း ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုက နည်းပါးခဲ့သည်။ နိုင်ငံခြားသားအရင်းရှင်များအနေဖြင့် ငွေပင်ငွေရင်း (Fixed Capital) မြှုပ်နှံရသော လုပ်ငန်းများ၊ အရင်းရှင် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများကို တည်ထောင်မှုက နည်းပါးပြီး အချိန်တိုအတွင်း အမြတ်အစွန်းရရှိသော သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကိုသာ အဓိကထား၍ လုပ်ဆောင်ခဲ့ကြသည်။ အနည်းငယ်မျှသော စက်မှုလက်မှုလုပ်ငန်းများကလည်း ကုန်ပစ္စည်းထုတ်လုပ်သော စက်မှုလုပ်ငန်း (Manufacturing) မဟုတ်ဘဲ စိုက်ပျိုးရေးကိုအခြေခံသော ကြိတ်ခွဲထုတ်လုပ်မှု(Processing) စက်မှုလက်မှုလုပ်ငန်းများ သာလျှင် ဖြစ်ခဲ့ကြသည်။

**ဆန်စက်လုပ်ငန်းများ**

စပါးထက် ဝန်ကျဉ်းသော ဆန်ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ကြိတ်ခွဲမှုကို သမားရိုးကျ နည်းလမ်းအတိုင်း လူအားစိုက်ကာ ကြိတ်ဆုံများဖြင့်ပင် လုပ်ဆောင်ကြရသည်။ ထိုကဲ့သို့ လက်ကြိတ်ဆုံဖြင့် ကြိတ်ခွဲရရှိသော သင်္ဘောတင်ဆန်ခေါ် လုံးတီးဆန်ကို လန်ဒန်၊ လီဗာပူး၊ ဟမ်းဘတ်နှင့် ဘရီမင်မြို့ကြီးများရှိ ကုမ္ပဏီကြီးများက ချုပ်ကိုင်ဝယ်ယူကာ ဆန်ဖြူဖြစ်အောင် ထပ်မံစက်ထိုးပြီးမှ ဖြန့်ဖြူးရောင်းချသည်။ ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှုက တိုးတက်လာသော်လည်း ပထမဦးဆုံးသော ဆန်စက်ကို ၁၈၆၀ ပြည့်နှစ် ရောက်မှသာ ရန်ကုန်၌ တည်ဆောက်နိုင်ခဲ့သည်။ ထိုဆန်စက်မှာ ရေနွေးငွေ့သုံးစက်ဖြစ်ပြီး စက်ပိုင်ရှင်က ဩစတြေးလျနိုင်ငံသား Thomas Sutherland ဖြစ်သည်။ ၁၈၆၇ ခုနှစ်တွင် နောက်ထပ် ဆန်စက်နှစ်လုံးကို ထပ်မံတည်ဆောက်ခဲ့သဖြင့် စုစုပေါင်း ဆန်စက်သုံးလုံးရှိလာခဲ့သည်။

ကမ္ဘာ့ဈေးကွက်၌ မြန်မာ့ဆန် နေရာရခြင်း၊ ဈေးကောင်းရခြင်းနှင့် လျင်မြန်စွာ သယ်ယူတင်ပို့နိုင်သော မီးသင်္ဘောများ ပေါ်ထွန်းလာခြင်းတို့သည် ဆန်စက်များတည်ထောင်ရေးကို အရှိန်အဟုန် တိုးမြှင့်စေခဲ့သည်။ ဆန်ကြိတ်ခွဲမှုလုပ်ငန်းကို လက်ကြိတ် ဆုံတို့ဖြင့်သာ အားကိုးလုပ်ဆောင်၍ မရနိုင်တော့သောကြောင့် အရင်းရှင်တို့သည် ဆန်စက်များကို အပြိုင်အဆိုင် တည်ထောင်လာကြတော့သည်။ ၁၈၆၈ ခုနှစ်တွင် ဆန်စက် ရှစ်လုံးသာရှိရာမှ ၁၈၆၉ ခုနှစ်တွင် ၁၃ လုံး၊ ၁၈၇၀ ပြည့်နှစ်တွင် စက်အလုံး ၂၀ အထိ ဖြစ်လာခဲ့သည်။ ဆက်လက်၍ ၁၈၇၁ ခုနှစ်တွင် ဆန်စက်ပေါင်း ၂၁ လုံး၊ ၁၈၇၂ ခုနှစ်တွင် ၂၆ လုံး၊ ၁၈၇၃ ခုနှစ်တွင် ၄၂ လုံး၊ ၁၈၇၄ ခုနှစ် တွင် ၄၃ လုံး၊ ၁၈၇၅ ခုနှစ်တွင် ၄၅ လုံး၊ ၁၈၇၆ ခုနှစ်တွင် ၄၇ လုံး၊ ၁၈၈၀ ပြည့်နှစ်တွင် ၄၉ လုံးအထိ တိုးတက်လာခဲ့သည်။

ဆန်ရောင်းဝယ်ရေးလုပ်ငန်းတွင် နိုင်ငံရပ်ခြားသို့ တင်ပို့ရောင်းချခြင်းက အဓိက ဖြစ်သဖြင့် ဆန်စက်များကို ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ မော်လမြိုင်စသော ဆိပ်ကမ်းမြို့များ၌ တည်ဆောက်ခဲ့ကြ သည်။ ၁၈၇၀ ပြည့်နှစ်က ဆန်စက်အလုံးရေ ၂၀ ရှိခဲ့သည့် အနက် ဆန်စက်နှစ်လုံးက စစ်တွေ၌ရှိပြီး တစ်လုံးက မော်လမြိုင်၌ ရှိသည်။ ၁၈၈၁ ခုနှစ်အတွင်း စက် ၄၉ လုံး ရှိလာချိန်၌ ရန်ကုန်တွင် ၂၈ လုံး၊ စစ်တွေ၊ ပုသိမ်နှင့် မော်လမြိုင်တို့တွင် ခုနှစ်လုံးစီ ရှိခဲ့ကြသည်။ ဆန်စက် အများစုမှာ နိုင်ငံခြားသားပိုင်များဖြစ်ကြပြီး ဥရောပ တိုက်သားပိုင် ၄၁ လုံး၊ တရုတ်နိုင်ငံသားပိုင် သုံးလုံး၊ အိန္ဒိယနိုင်ငံသားပိုင် သုံးလုံးဖြစ်ကာ မြန်မာတိုင်းရင်းသားပိုင်က နှစ်လုံးသာဖြစ်သည်။ ဆန်စက်အလုပ်သမားများမှာ အိန္ဒိယနိုင်ငံသားများ ဖြစ်ကြသည်။

